# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၃) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (26-10-2022) ၊ အတွဲ (၃၀) ၊ အမှတ် (၁၇၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၂/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား



**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး(၂/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။**

**နေပြည်တော် အောက်တိုဘာ ၂၅**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၂/၂၀၂၂) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် (ယာယီဗဟိုအလုပ်အမှုဆောင်အဖွဲ့) အတွင်းရေးမှူး၊ မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**





**Myanmar Mobile Money(MMM)** မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်

**Digital Mobile Money-DMM(App)** ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ထပ်မံရယူနိုင်ပါပြီ။

ဝန်ထမ်းလစာများပေးချေခြင်း၊ လျှပ်စစ်မီတာပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ပြည်တွင်း၊ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း

နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း

E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်
အယ်ဒီတာ့အာဘော်

# ပြည်ထောင်စုအကျိုးရှေးရှု ငြိမ်းချမ်းရေးဖော်ဆောင်

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိသည်မှစ၍ နှစ်ပေါင်း ၇၀ ကျော်တိုင် ကြုံတွေ့နေရသည်မှာ မငြိမ်းချမ်းမှုပင်ဖြစ်သည်။ လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံတွင် နိုင်ငံတော်တည်ဆောက်ရေးနှင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် တွဲလက်ညီညီ စုပေါင်းအားဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ရမည့်အစား အတ္တကို ရှေ့တန်းတင်၍ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့ပြီး တိုင်းပြည် မငြိမ်မသက်မှုနှင့်သာ ကြုံတွေ့ကြရသည်။

နိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံရေးအင်အားစုအဖွဲ့များ၏ တောင့်တင်းခိုင်မာမှု လိုအပ်သည်။ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများစွာ နေထိုင်ကြသည်။ နိုင်ငံတော် တည်ဆောက်ရေးအတွက် တိုင်းရင်းသားတို့၏ စုပေါင်းပါဝင်နိုင်မှု အားကောင်းခြင်းသည် နိုင်ငံရေး အဖွဲ့အစည်းများ တောင့်တင်းခိုင်မာမှုအတွက် အထောက်အပံ့ကောင်းဖြစ်သည်။ နိုင်ငံရေး အဖွဲ့အစည်းများ တောင့်တင်းခိုင်မာမှုအားကောင်းလာပါက တိုင်းရင်းသားအဖွဲ့များပါဝင်သော ဘုံအကျိုးစီးပွားတစ်ရပ်ကို ရှေးရှုဖော်ဆောင်နိုင်မည်ဖြစ်သည်။

တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးအပါအဝင် ပြည်သူအကျိုးပြုပရဟိတအဖွဲ့အစည်းများ တောင့်တင်းခိုင်မာမှုရှိရန် အထူးလိုအပ်သည်။ တိုင်းပြည်တည်ဆောက်ရေးအဖွဲ့အစည်းများ ခိုင်မာတောင့်တင်းမှုရှိပါက သဘာဝဘေးကြောင့်သော်လည်းကောင်း၊ အခြားဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့်သော်လည်းကောင်း ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်တည်ဆောက်ရေးနှင့် တိုင်းပြည်တည်ဆောက်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသကဲ့သို့ တိုင်းရင်းသားတို့၏ ဘုံအကျိုးစီးပွားကိုလည်း တတ်စွမ်းသရွေ့ ပါဝင်ဆောင်ရွက်ကြရမည်သာဖြစ်သည်။ တိုင်းရင်းသားများ သို့မဟုတ် အမျိုးသားဘုံအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်နိုင်ရန် လက်ရှိတွင် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးကို အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေမှုပျက်ပြားအောင် သွေးထိုးမြှောက်ပင့်ပေးသူများ၊ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေသူများကို ဘုံရန်သူအဖြစ်သတ်မှတ်ကာ ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် တွန်းလှန်ရမည်သာဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် တိုင်းရင်းသားအဖွဲ့များပါဝင်သော ပင်လုံစိတ်ဓာတ်သည် သမိုင်းသက်သေရှိပြီးဖြစ်သည်။ တောင်တန်း၊ ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးရယူနိုင်ခဲ့သည်မှာ ပင်လုံစိတ်ဓာတ်ကြောင့်ဖြစ်သည်။ နယ်ချဲ့တို့၏ အမျိုးမျိုးသွေးခွဲမှုကြောင့် ပြည်တွင်းဆူပူသောင်းကျန်းမှုကြုံတွေ့ခဲ့ရပြီး တိုင်းပြည်အစိတ်စိတ်အမွှာမွှာပြိုကွဲရန် သွေးထိုးမြှောက်ပင့်ပေးခဲ့သော်လည်း ပင်လုံစိတ်ဓာတ်ကို အခြေခံကာ လွတ်လပ်ရေးပြန်လည်မဆုံးရှုံးရအောင် ဆောင်ရွက်နိုင်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်တည်ဆောက်ရေးနှင့် တိုင်းပြည်တည်ဆောက်ရေးအတွက် ပြည်သူ ပါဝင်မှုနှင့် ပြည်သူတို့၏ စည်းလုံးညီညွတ်မှု အဓိကလိုအပ်သည်။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဘုံအကျိုးစီးပွားဖြစ်ထွန်းစေရန် အလို့ငှာ နိုင်ငံတော်အစိုးရက ဖော်ဆောင်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက ပြည်ထောင်စုအကျိုးရှေးရှုကာ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ကြံစိုက်တောင်သူများကို ကြံမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးမည်



**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီးအတွင်း ကြံစိုက်တောင်သူများ ကြံမျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးနိုင်ရေးအတွက် စမ်းသပ်ကွက်၊ စံပြကွက်များ စိုက်ပျိုးထားရှိပြီး တောင်သူများကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကြံစိုက်တောင်သူများ ကြံမျိုးကောင်းမျိုးသန့်များ ရရှိစေရေးအတွက် ဌာနကဦးဆောင်၍ စမ်းသပ်ကွက်၊ စံပြကွက်များ စိုက်ပျိုးပြီး တောင်သူများနှင့်ကိုက်ညီသည့် မျိုးများကို ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ ကြံကြိတ်သည့်အခါတွင်လည်း အထွက်နှုန်းကောင်းပြီး ကြံသကြားစက်ရုံများက ကြိုက်နှစ်သက်သည့်မျိုးများကို အဓိကထား ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခိုင်မိုမိုဇင်က ပြောပြသည်။

"ကြံမျိုးကောင်းမျိုးသန့်တွေကို စမ်းသပ်ကွက်၊ စံပြကွက်တွေလုပ်ပြီး ၂၇ ဧက စိုက်ပျိုးထားပါတယ်။ ဒီဇင်ဘာလနဲ့ ဇန်နဝါရီလတို့မှာ ခုတ်သိမ်းပြီးရင် ရာသီချိန်မီ တောင်သူတွေစိုက်ပျိုးနိုင်ဖို့အတွက် ဖြန့်ဖြူးပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ပြောင်းလဲလာတဲ့ ရာသီဥတုပေါ်မူတည်ပြီး ဒေသနဲ့ကိုက်ညီတဲ့ စိုက်နည်းစနစ်တွေ၊ တောင်သူအများဆုံးလက်ခံတဲ့ ဝင်ငွေအများဆုံးရနိုင်တဲ့ စိုက်နည်းစနစ်တွေကိုလဲ တောင်သူတွေလက်ထဲရောက်ရှိလာစေဖို့ နည်းပညာပေးသင်တန်းတွေ၊ တောင်သူဆွေးနွေးပွဲတွေ ပြုလုပ်ဆောင်ရွက်နေပါတယ်"ဟု ဒေါ်ခိုင်မိုမိုဇင်က ဆက်လက်ပြောပြသည်။

အဆိုပါ စမ်းသပ်ကွက်များ စိုက်ပျိုး၍ တောင်သူများကို မျိုးများ ဖြန့်ဖြူးပေးရာ၌ မန္တလေးတိုင်းဒေသကြီးအတွင်း ကြံကို အဓိကစိုက်ပျိုးသည့် ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့နယ် စသည်တို့ကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း မုံရွာမှထွက်ရှိသည့် ကြက်သွန်ဖြူများ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ခန့် ပေါက်ဈေးရှိလာ

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေး ဈေးကွက်အတွင်း မုံရွာမှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ခန့်ပေါက်ဈေးရှိလာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မုံရွာဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူများ မန္တလေးဈေးကွက်အတွင်း များစွာဝင်ရောက်လာပြီး ကုန်သည်များ ဝယ်ယူမှု များပြားလာကြောင်း၊ ယခုအခါ မုံရွာဘက်မှ ထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုလတ်တလောတော့ မုံရွာဘက်ကနေထွက်ရှိတဲ့ ကြက်သွန်ဖြူတွေ မန္တလေးဈေးကွက်ထဲမှာ ဈေးအကောင်းဆုံး အနေအထားမှာရှိနေပါတယ်။ မြင်းခြံ၊ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်ဖြူတွေလဲ ဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ဖြစ်နေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာလ ပထမပတ်က မုံရွာဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ခန့်သာရှိခဲ့သော်လည်း ယခုအခါ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် အောက်တိုဘာ ၂၄ ရက်တွင် မုံရွာဘက်မှ ထွက်ရှိသည့် ကြက်သွန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ခန့် ပေါက်ဈေးရှိလာကြောင်း သိရသည်။

"အခုလတ်တလော မုံရွာကနေ မန္တလေးကိုတင်ပို့တဲ့ ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့ အခြားမြို့ကြီးတွေကိုလဲ ပြန်ပြီးတင်ပို့နေရပါတယ်။ နောက်ပိုင်း မန္တလေးဈေးကွက်ထဲမှာ ကြက်သွန်ဖြူလက်ကျန်နည်းလာရင်တော့ ဈေးကောင်းပိုပြီးရလာနိုင်တယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် ဆင်ကျွန်းကျေးရွာသို့ ပြည်တွင်းခရီးသွားဝင်ရောက်လည်ပတ်မှု များပြား

**မန္တလေး အောက်တိုဘာ ၂၅**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ ဆင်ကျွန်းကျေးရွာသို့ အောက်တိုဘာလ တတိယပတ်မှစ၍ ပြည်တွင်းခရီးသွားဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဇီးလုပ်ငန်းဦးစီးဌာန ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ လတ်တလော ခရီးသွားများ စိတ်ဝင်စားမှုရှိသည့် ကျေးရွာထဲတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ဆင်ကျွန်းကျေးရွာလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ဆင်ကျွန်းကျေးရွာ၌ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဆေးပေါ့လိပ်လုပ်ငန်းနှင့် ဖိနပ်လုပ်ငန်းများအပါအဝင် စိတ်ဝင်စားစရာများဖြစ်သည့် မြန်မာ့လက်မှုပညာဖြင့် ဖန်တီးပုံဖော်ထားသောပစ္စည်းများကိုလည်း ခရီးသွားများစိတ်ဝင်စားမှုရှိကြောင်း၊ အလားတူ ဧရာဝတီမြစ်အတွင်း နေထိုင်ကျက်စားလျက်ရှိသည့် ဧရာဝတီလင်းပိုင်များကို ဆင်ကျွန်းကျေးရွာမှသွားရောက်လေ့လာမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခြင်းကိုလည်း စိတ်ဝင်စားကြကြောင်း သိရသည်။

"အခု ဆင်ကျွန်းကျေးရွာကို လည်ပတ်တဲ့ ခရီးသည်တွေကလဲ မတ္တရာမြို့နယ် ဧရာဝတီမြစ်အတွင်းမှာ နေထိုင်ကျက်စားနေတဲ့ဧရာဝတီလင်းပိုင်တွေကို သွားရောက်ကြည့်ရှုတာတွေလဲရှိပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မတ္တရာမြို့နယ်အတွင်း ဆင်ကျွန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားများမှာ ယခင်က တစ်ရက်လျှင် ဦးရေ ၄၀ ကျော်သာ လာရောက်လည်ပတ်ခဲ့ကြသော်လည်း အောက်တိုဘာလ တတိယပတ်မှစ၍ တစ်ရက်လျှင် ပြည်တွင်းခရီးသွားဦးရေ ၁၅၀ ကျော်ထိ လာရောက်လည်ပတ်ကြကြောင်း သိရသည်။

"ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားတဲ့ ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်အတွင်းကတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာ ဖော်ဆောင်တာကတော့ ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာနဲ့ ရှိမ်းမကားကျေးရွာတို့ ဖြစ်ပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့ -၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တော်ဝင်ကေတုမတီ ယဉ်ကျေးမှုပြတိုက်

မောင်သာ(ရှေးဟောင်းသုတေသန)

စည်းလုံးညီညွတ်သော ဒုတိယမြန်မာနိုင်ငံတော်(တောင်ငူခေတ်)ကိုစတင်တည်ထောင်ခဲ့သည့် ကေတုမတီမြို့တော်သည် ၂၀၂၂ ခုနှစ်တွင် သက်တမ်း ၅၁၂ နှစ် ပြည့်မြောက်ပြီဖြစ်သည်။ တောင်ငူဘုရင်များသည် ခရစ်နှစ် ၁၂၇၈ ခုနှစ်မှစ၍ တောင်ငူဒေသတွင် တောင်ငူငယ်၊ တောင်ငူကြီး(ခေလ္လဝတီ)၊ မြဝတီနှင့် ဒွါရာဝတီမြို့တို့ကို တည်ထောင်ခဲ့ပြီးနောက် ၁၅၁၀ ပြည့်နှစ်တွင် တောင်ငူခေတ်၏ နောက်ဆုံးမြို့တော်ဖြစ်သည့် ကေတုမတီကို မင်းကြီးညိုက တည်ထောင်ခဲ့သည်။

**တောင်ငူငါးမြို့**

တောင်ငူမြို့သည် ရန်ကုန်မြို့မှ မြောက်ဘက်သို့ ၂၇၇ ကီလိုမီတာနှင့် နေပြည်တော်မှ အရှေ့တောင်ဘက်ယွန်းယွန်းသို့ ၁၃၉ ကီလိုမီတာကွာဝေး၍ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၅၆ မိနစ်နှင့် ၁၈ ဒီဂရီ ၅၇ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၅ မိနစ်နှင့် ၉၆ ဒီဂရီ ၂၇ မိနစ် ကြားတွင်တည်ရှိကာ ၆၆၃ ဒသမ ၁၅ စတုရန်းမိုင်ကျယ်ဝန်း၍ ပင်လယ်ရေမျက်နှာပြင်အထက် ၁၆၂ ပေမြင့်သည်။

တောင်ငူမြို့နယ်၏အရှေ့ဘက်တွင် ထန်းတပင်မြို့နယ်နှင့် သံတောင်မြို့နယ်၊ အနောက်ဘက်တွင် ပေါက်ခေါင်းမြို့နယ်၊ တောင်ဘက်တွင် အုတ်တွင်းမြို့နယ်နှင့်မြောက်ဘက်တွင် ရေတာရှည်မြို့နယ်တို့တည်ရှိ၍ စစ်တောင်းမြစ်သည် တောင်ငူမြို့နယ်ကို ဖြတ်သန်းလျက် မြောက်မှတောင်သို့ စီးဆင်းနေသည်။ တောင်ငူမြို့သည် ခပေါင်းချောင်းဖျား၊ မင်းဝံတောင်၏ အငူနေရာ၌ တည်ထားခဲ့ခြင်းကြောင့် တောင်ငူဟု အမည်တွင်ခဲ့သည်။

သဝန်ကြီးနှင့်သဝန်ငယ်ညီနောင်သည် တောင်ငူ၏ ပထမဆုံးမြို့ဖြစ်သည့် တောင်ငူငယ်ကို ၁၂၇၈ ခုနှစ်တွင် တည်ထောင်ခဲ့ကာ ၁၂၇၉ ခုနှစ်တွင် တောင်ငူကြီးကိုထပ်မံတည်ခဲ့ပြီး တောင်ငူကြီးတွင် သဝန်ကြီးက နန်းတက်ခဲ့သည်။ တောင်ငူကြီးတွင် နန်းစိုက်ခဲ့သည့် မင်းများအနက် ၁၄၈၅ ခုနှစ်တွင် နန်းတက်ခဲ့သော ၂၉ ဆက်မြောက်မင်းဖြစ်သူ မင်းကြီးညိုသည် ၁၄၈၆ ခုနှစ်တွင် တောင်ငူကြီးမှမြောက်ဘက် တာ ၅၀၀ အကွာ၌ မြဝတီမြို့ကိုတည်ထောင်၍ ငါးနှစ်နန်းစံခဲ့သည်။ ထို့နောက် ၁၄၉၁ ခုနှစ်တွင် ဒွါရာဝတီမြို့ကို တည်ထောင်၍ မြဝတီမှပြောင်းရွှေ့ခဲ့သည်။

ဒွါရာဝတီမြို့၌ မင်းကြီးညိုအုပ်စိုးချိန်သည် အင်းဝ၌ ဒုတိယမင်းခေါင်(၁၄၈၁-၁၅၀၂) နန်းစံချိန်ဖြစ်ကာ မငြိမ်သက်မှုများဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် အင်းဝသားများသည် အင်းဝကိုစွန့်ခွာ၍ မင်းကြီးညိုလက်အောက်သို့ရောက်ရှိလာခဲ့ကြကာ မင်းကြီးညိုထံမှောက်၌ လူသူဆင်မြင်း အင်အားများတိုးပွားလာခဲ့သည်။ ထိုအချိန်တွင် ဒွါရာဝတီသည် တိုးပွားလာသည့် အင်အားများအတွက် နေရာအကျယ်အဝန်း မလုံလောက်တော့သဖြင့် မင်းကြီးညိုသည် ဒွါရာဝတီမြို့၏ အထက်ပိုင်း၊ ပေါင်းလောင်းမြစ်၏ အနောက်ဘက်ရှိ ညီညာပြန့်ပြူးသည့် မြေနေရာ၌ ကေတုမတီနေပြည်တော်သစ်ကို ၁၅၁၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့သည်။

ကေတုမတီမြို့သစ်သည် အရှေ့အနောက် တာ ၇၀၀ နှင့် တောင်မြောက် တာ ၅၀၀ ရှည်လျား၍ မြို့ရိုးနှင့်အတူ တံခါးပေါက် ၂၀၊ သိမ် ၂၀ နှင့် မြို့ထောင့်စေတီလေးဆူရှိခဲ့သည်။

**လက်ရှိတောင်ငူမြို့နယ်**

တောင်ငူမြို့နယ်ကို မြို့နှစ်ခု(တောင်ငူနှင့် ကေတုမတီ)၊ ရပ်ကွက် ၂၇ ခု၊ ကျေးရွာအုပ်စု ၃၇ ခု၊ ကျေးရွာ ၂၅၁ ရွာဖြင့် ဖွဲ့စည်းထားသည်။ မြို့နယ်အတွင်း၌ မြို့ရိုးနှင့် ကျုံးဟောင်းများအပါအဝင် သမိုင်းဝင်နေရာများနှင့် အဆောက်အအုံများအနက် တောင်ငူမြို့ရိုးဟောင်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင်ထုတ်ပြန်သည့် တောင်ငူမြို့နယ်ဒေသဆိုင်ရာ အချက်အလက်များအရ တောင်ငူမြို့နယ်တွင် စေတီ ၇၅ ဆူနှင့်ဘုန်းတော်ကြီးကျောင်း ၃၀၇ ကျောင်းတည်ရှိပြီး မြတ်စောညီနောင်၊ ရွှေဆံတော်၊ မြစည်းခုံ၊ စည်းခုံကြီးနှင့် မြတ်နိဗ္ဗာန်တို့သည် သမိုင်းဝင်စေတီတော်များအဖြစ် ထင်ရှားကြသည်။

**ကေတုမတီပြတိုက်**

သက်တမ်းနှစ် ၅၁၀ ကျော်ပြီဖြစ်သည့် ကေတုမတီတောင်ငူမြို့နယ်သည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ပြီးနောက် သမိုင်းဝင်အဆောက်အအုံများနှင့်သမိုင်းအထောက်အထား ရုပ်ဝတ္ထုပစ္စည်းများ ကျန်ရှိခဲ့သည်။ ၎င်းတို့အနက် တောင်ငူမြို့သားတစ်ဦးဖြစ်သည့် ဦးခင်မောင်အေး(စီဘီဘဏ်ဥက္ကဋ္ဌ) သည် ဘိုးဘွားစဉ်ဆက်စုဆောင်းခဲ့သည့် ရှေးဟောင်းပစ္စည်းများကို သိမ်းဆည်းစောင့်ရှောက်ထားပြီး ဆက်လက်ရရှိလာသည့် သစ်သား၊ မြေထည်၊ ကြေထည်၊ ယွန်းထည်နှင့် ဆင်းတုတော်များအပါအဝင် ရှေးဟောင်းပစ္စည်းများ များပြားလာချိန်တွင် စာရင်းပြုစုပြီး တော်ဝင်ကေတုမတီဟိုတယ်၌ သစ်သားဗီရို ၁၂ လုံးဖြင့် ထိန်းသိမ်းထားခဲ့သည်။

အများပြည်သူများကို ၎င်းပစ္စည်းများ ပြသနိုင်ရန် ကောင်းမြန်မာကုမ္ပဏီဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လှလှက ဒေသဆိုင်ရာ ပြတိုက်တစ်ခုတည်ထောင်ခွင့်ကို ၂၀၁၅ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လျှောက်ထားခဲ့ပြီး တောင်ငူမြို့ အမှတ်(၁၀)ရပ်ကွက်၊ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ကေတုမတီအနောက်ဘက်မြို့ရိုးနှင့် အနောက်ဘက်ကျုံးကြားရှိ ဂေါက်လေ့ကျင့်ကွင်းငယ်အပန်းဖြေရိပ်သာကို နှစ်ထပ်အဆောက်အအုံအဖြစ် ပြင်ဆင်ဆောက်လုပ်ခဲ့သည်။

ပစ္စည်းများကို စနစ်တကျခင်းကျင်းထိန်းသိမ်းထားရှိနိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးခဲ့ပြီး ပြတိုက်အဖြစ်အသုံးပြုမည့် အဆောက်အအုံနှင့်ဆိုင်းဘုတ်ကို ၂၀၁၅ ခုနှစ်က ကျင်းပပြုလုပ်ခဲ့သည့် ကေတုမတီ တောင်ငူမြို့တည်နန်းတည် ၅၀၅ နှစ်ပြည့်ပွဲတော်တွင် အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။

တော်ဝင်ကေတုမတီ ယဉ်ကျေးမှုပြတိုက်ကို တောင်ငူတက္ကသိုလ် မြန်မာစာဌာန အငြိမ်းစား ပါမောက္ခ ဌာနမှူး ဒေါက်တာမာမာဝေက ပြတိုက်တာဝန်ခံအဖြစ် တာဝန်ယူခဲ့ပြီး ပြတိုက်တည်ထောင်ခွင့်ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ထပ်မံလျှောက်ထားခဲ့သည်။

ထိန်းသိမ်းထားရှိသည့်ပစ္စည်းများ၏ အမျိုးအမည်၊ အရေအတွက်နှင့်သက်တမ်းတို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပဲခူးတိုင်းဒေသကြီးရုံးက ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် စိစစ်အတည်ပြုခဲ့ပြီးနောက် ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းထားရှိခွင့်ကိုရရှိခဲ့ပြီး ထပ်တိုးပစ္စည်း ၇၀၀ ကျော်ကို မှတ်ပုံတင်နိုင်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၂၀၁၈ ခုနှစ်တွင် စိစစ်ခဲ့သည်။



တော်ဝင်ကေတုမတီယဉ်ကျေးမှုပြတိုက်ကို တွေ့ရစဉ်။

ပြတိုက်တာဝန်ရှိသူများသည် တောင်ငူမြို့နှင့် အနီးဝန်းကျင်ရှိဒေသများသို့ ကွင်းဆင်းကာ ရှားပါး ရှေးဟောင်းပစ္စည်းများကို စုဆောင်းခဲ့ကြသည်။ ပြတိုက်သို့ လာရောက်ကြသူများ လေ့လာနိုင်ရန် စာအုပ်စာတမ်း ၆၀၀ ကျော်ကိုလည်း ထားရှိခဲ့သည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေတွင် ပြတိုက်ဆိုသည်မှာ အများပြည်သူအကျိုးငှာ ပညာပေးနိုင်သော၊ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ၊ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် လေ့လာသုတေသနပြု၍ အများပြည်သူအား စိတ်ချမ်းမြေ့စွာ လေ့လာသင်ယူနိုင်စေရန်နှင့် ပညာပေးရန်အတွက် ခင်းကျင်းပြသခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်ရည်ရွယ်၍ အစိုးရဌာန အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တစ်ခုခုကဖြစ်စေ၊ ပုဂ္ဂလိကကဖြစ်စေ ဖွင့်လှစ်ထားသော အဆောက်အအုံကိုဆိုသည်ဟု ဖော်ပြထားသည်။

**ခင်းကျင်းပြသထားသည့် ပစ္စည်းများ**

တော်ဝင်ကေတုမတီယဉ်ကျေးမှုပြတိုက် အဆောက်အအုံတွင် အထပ်နှစ်ထပ်ပါရှိ၍ အထပ်တစ်ထပ်စီ၌ ရှေးဟောင်းပစ္စည်းများကို မှန်ပုံးများဖြင့် စနစ်တကျ ထိန်းသိမ်းပြသထားရာ မြေညီထပ်သို့ဝင်လိုက်သည်နှင့် ကမ္ဗာ့မှတ်တမ်းအမွေအနှစ်တစ်ခုဖြစ်သည့် ဘုရင့်နောင်မင်း ခေါင်းလောင်းစာများရေးထိုးထားသော ခေါင်းလောင်းနှင့် ပုံစံတူ အရွယ်တူ ပြုလုပ်ထားသည့် ယွန်းနှင့်စက္ကူကို ပေါင်းစပ်ပြုလုပ်ထားသော ခေါင်းလောင်းတော်ကို မြင်တွေ့ရသည်။ မူလခေါင်းလောင်းကို ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော် အရှေ့ဘက်စောင်းတန်းထိပ်တွင် မြင်တွေ့နိုင်သည်။

ဘုရင့်နောင်မင်းတရားသည် ခေါင်းလောင်းကမ္ဗည်းစာကို ပါဠိ၊ မွန်၊ မြန်မာ သုံးဘာသာဖြင့်ရေးထိုးခဲ့ရာ ခေါင်းလောင်း၏ လည်ပင်းအထက်၊ ပေါင်းကိုင်းအောက် ဖောင်းရစ်မျက်နှာပြင်တွင် ပါဠိစာငါးကြောင်းပါရှိသည်။ ၎င်းခေါင်းလောင်းစာတွင် တိကျသောရက်စွဲများနှင့်ဖြစ်ရပ်များကို မှတ်တမ်းတင်ထားသဖြင့် ရာဇဝင်ကျမ်းများ၌ ရေးသားထားသည့် ကွဲလွဲချက်များကို ပြင်ဆင်နိုင်ရန် အထောက်အကူများစွာဖြစ်ခဲ့သည်။

ပြတိုက်မြေညီထပ်တွင် ရှေးဟောင်းပစ္စည်းများ ထည့်သွင်းပြသထားသည့် မှန်ပုံး ၂၂ ခုကိုမြင်တွေ့ရသည်။ ၎င်းတို့တွင် ကျောက်ခေတ်သုံးပစ္စည်းများဖြစ်သည့် ကျောက်ပုဆိန်၊ ကျောက်ကွင်းနှင့် ကျောက်ပဲခွပ်တစ်ခုစီ၊ ကြေးခေတ်သုံးပစ္စည်းများဖြစ်သည့် ကြေးလှံတစ်ခု၊ ကြေးတူးရွင်းပြားတစ်ခုနှင့် ကြေးလှံသွားခြောက်ခု ပါဝင်သည်။ ထို့အတူ သံဓား၊ သံပဲခွပ်၊ သံလှံနှင့် ငွေဓားတစ်ချောင်းစီကိုလည်း ပြသထားသည်။

ဆေးမင်ကြောင်ထိုးရာတွင် အသုံးပြုသည့် ကြေးစုတ်တံသုံးချောင်း၊ စဥ့်ထည်ကွဲများ၊ စဥ့်သုတ်မြေပန်းကန်၊ ကြေးဇွန်းများနှင့် စစ်ထိုးသည့်ပုံကို ရိုက်နှိပ်ထားသော မြေပန်းကန်ပြားတစ်ချပ်ကိုလည်း တွေ့မြင်ရသည်။ ထူးခြားသောပစ္စည်းတစ်ခုအဖြစ် အဆင့်ငါးဆင့်ပါပြီး ဖြုတ်နိုင်သည့် သစ်သားစာတိုက်ဗီရိုနှင့် ငွေခြည်ထိုးတောင်ရှည်ပုဆိုးကို လေ့လာနိုင်ကြသည်။

ထို့အတူ တောင်ငူခေတ်ကြေးအလေးများ၊ ငွေနှင့်ခဲဒင်္ဂါးများ၊ အင်ကြင်းကျောက်ဖြင့်ပြုလုပ်ထားသည့် ပုတီးကုံးနှင့် ပုတီးစေ့များ၊ ပျူခေတ်လက်ရာ ဆင်ရုပ်၊ ကျားရုပ်ပုတီးများ၊ နားတောင်းများ၊ မြေအရိုးအိုးများ၊ သင်္ကေတအမှတ်လက္ခဏာများပါရှိသည့် အုတ်ချပ်များ၊ မြေနှင့်စဥ့်ရုပ်ကြွများနှင့် နာရီမောင်းတစ်ခုကို ကြည့်ရှုနိုင်ကြသည်။

ပြတိုက်၏ ပထမထပ်တွင် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို မှန်ပုံး ၂၀ ၌ထည့်သွင်းပြသထားရာ ဘုရားရှင် ဖွားတော်မူခန်း၊ တောထွက်တော်မူခန်း၊ ဆံတော်ပယ်ခန်း၊ ဘုရားအဖြစ်သို့ ရောက်တော်မူခန်း၊ ဓမ္မစကြာတရားဦးဟောတော်မူခန်းနှင့် ပရိနိဗ္ဗာန်စံဝင်တော်မူခန်းတို့ကို လက်ရာမြောက်စွာထုလုပ်ထားသည့် ကြေးရုပ်ငယ်ခြောက်ခုကို မြင်တွေ့ကြရသည်။

၎င်းအထပ်မှာပင် နှစ်ကျိပ်ရှစ်ဆူဘုရားများ ထွင်းထုထားသော ဆင်စွယ်တစ်ခုအပါအဝင် မြေနှင့်ကျောက်ဗုဒ္ဓဆင်းတုတော်များ၊ ပုရပိုက်၊ ရွှေပိန်းချကမ္မဝါ၊ ရွှေချထားသည့်ပေစာ၊ ဆေးတံများ၊ ဒီဝိုင်းပါအိုးခြမ်းကွဲများနှင့် ကြေးခေါင်းလောင်းသုံးလုံးကို ပြသထားသည်။ လူမှုအသုံးအဆောင်များဖြစ်သည့် နာရီဗီရို၊ ကရင်တိုင်းရင်းသားများဝတ်ဆင်သည့် လက်ကောက်နှင့် ဆွဲကြိုး၊ ကယားတိုင်းရင်းသားများ၏ ခေါင်းပတ်၊ ဆွမ်းအုပ်၊ ကွမ်းတောင်ဟင်္သာကလပ်၊ ဖန်လုံးပါကလပ်၊ အိုးများ၊ အိုးလက်ခုများနှင့်တောင်ငူကန်တော်ကြီး ရေပြင်အောက်မှရရှိခဲ့သည့် သံအမြောက်တစ်လက်ကိုလည်း ခင်းကျင်းထားသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှအစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက်လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ရန်ကုန်မြို့တွင် တစ်ရက်လျှင်သောက်သုံးရေဂါလန် ၂၃၂ သန်းဖြန့်ဝေပေးနေ

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်မြို့တွင် တစ်ရက်လျှင် သောက်သုံးရေဂါလန် ၂၃၂ သန်းထိ ဖြန့်ဝေဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သတင်းများအရ သိရသည်။

ရန်ကုန်မြို့တော်နေ ပြည်သူများအတွက် သောက်သုံးရေများကို ငမိုးရိပ်ရေပေးဝေရေးစီမံကိန်း၊ လှော်ကားရေပေးဝေရေးစီမံကိန်း၊ ဖူးကြီးရေပေးဝေရေးစီမံကိန်း၊ ဂျိုးဖြူရေပေးဝေရေး စီမံကိန်းများအပြင် အဝီစိတွင်းနှင့် အခြားသောရေရရှိရေးစီမံကိန်းများမှ ဖြန့်ဝေဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် အနာဂတ်ကာလတွင် ရန်ကုန်မြို့သို့ ရေကောင်းရေသန့်များတိုးမြှင့်ပေးဝေနိုင်ရေးအတွက် ရေအရင်းအမြစ်များ တိုးချဲ့ရှာဖွေသည့်လုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ ရေလေလွင့်ဆုံးရှုံးမှု လျှော့ချစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများကိုလည်း ဦးစားပေးအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

ရေအရင်းအမြစ်များကို ရှာဖွေဖော်ထုတ်မှုကဏ္ဍတွင် မိုးရေစု ရေလှောင်ကန်များ တည်ဆောက်ပေးခြင်းလုပ်ငန်းများနှင့် မြစ်ရေများကို သန့်စင်ပေးဝေနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ လက်ရှိတွင် ကုက္ကိုဝရေပေးဝေရေးစီမံကိန်း၊ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းနှင့် တွံတေးနိုင်ငံတကာအဆင့်မီ ရေသန့်စင်စက်ရုံ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆောင်ရွက်ပေးမှုများအရ ရန်ကုန်မြို့နေ ပြည်သူများအတွက် တစ်ရက်လျှင် သောက်သုံးရေဂါလန် ၂၀၅ သန်း ပေးဝေဆောင်ရွက်ပေးနေရာမှ ယခုနှစ်အောက်တိုဘာ ၁၆ ရက်မှ စတင်ကာ ရန်ကုန်မြို့နေ ပြည်သူများအတွက် တစ်ရက်လျှင် သောက်သုံးရေဂါလန် ၂၃၂ သန်းထိ ဖြန့်ဝေဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တော်၏ ရေပေးဝေရေးစနစ်ကို ပြန်လည်သုံးသပ်၍ ရန်ကုန်မြို့၏ အနာဂတ်ရေပေးဝေရေးအတွက် ရေပေးဝေရေးစီမံခန့်ခွဲမှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး နှစ်အလိုက် ရည်မှန်းချက်များထားရှိကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၁၃၆)



➤ စာမျက်နှာ ၄ မှအဆက်

ပြခန်း၏အလယ်၌ ပုဂံရှေးဟောင်းသုတေသနပြတိုက်နှင့် မြစေတီရင်ပြင်တွင်တည်ရှိသော ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် မြစေတီကျောက်စာပုံစံတူနှင့် ပုဂံရွှေဂူကြီးဘုရား၊ အာရုံခံအနောက်ဘက်နံရံတွင် တည်ရှိသော မြန်မာဘာသာဖြင့်ရေးထိုးထားသည့် ဘုရင့်နောင်မင်းတရား၏ သက္ကရာဇ် ၉၁၃ ခုနှစ်ထိုး အခွန်ကောက်ခံမှုကျောက်စာပုံစံတူကိုပြသထားရာ ကျောက်စာနှစ်ချပ်တွင်ပါရှိသည့် စာသားများကို မှုရင်းအတိုင်းလေ့လာနိုင်ကြသည်။

ပြတိုက်အတွင်း၌ ခင်းကျင်းထားသည့်ပစ္စည်းများအားလုံးတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက သတ်မှတ်သည့် သက်တမ်း၊ လက်ရာ၊ ခေတ်ကာလနှင့်ရရှိခဲ့သည့်နေရာများကို ရေးသားဖော်ပြထားသည်။

တော်ဝင်ကေတုမတီယဉ်ကျေးမှုပြတိုက်၏ အပြင်ဘက်မျက်နှာစာ အနောက်ဘက်အခြမ်းတွင် ဆွာချောင်းမှရရှိခဲ့သည့် ညောင်ရမ်းခေတ်သုံး သစ်လုံးထွင်းလှေနှစ်စီးနှင့် ချောင်းမငယ်မှရရှိခဲ့သည့် ကုန်ဘောင်ခေတ်သုံး သစ်လုံးထွင်းလှေတစ်စီးတို့ကို အမိုးအကာအောက်၌ ထိန်းသိမ်းထားရှိထားသည်။ ထို့အတူ အဆောက်အုံအပြင်ဘက် မျက်နှာစာ လက်ဝဲဘက်ခြမ်းတွင် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနက တူးဖော်သုတေသနပြုထားသည့် ကေတုမတီမြို့ဟောင်းအနောက်ဘက်မြို့ရိုးအစိတ်အပိုင်းကို တွေ့ရှိခဲ့ရသည်။

မြန်မာနိုင်ငံ၏ သမိုင်းအစဉ်အဆက်ဖြစ်ထွန်းခဲ့သည့် သမိုင်းနှင့်ယဉ်ကျေးမှုအမွေအနှစ်များသည် မြန်မာနိုင်ငံတစ်ဝန်း၌ များစွာကျန်ရှိလျက်ရှိရာ ၎င်းတို့ကို ကောင်းမွန်စွာစောင့်ရှောက်ထိန်းသိမ်းထားခြင်းဖြင့် မြန်မာတို့၏ယဉ်ကျေးမှုတန်ဖိုးကို သက်သေပြနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အစိုးရပြတိုက်များအပြင် ပုဂ္ဂလိကပြတိုက်များ တည်ထောင်ဖွင့်လှစ်ခြင်းသည် လေ့လာသူများအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- **တောင်ငူရာဇဝင်အကျဉ်းချုပ်(ဦးချမ်းမြ)**
- **တောင်ငူရာဇဝင်နှင့် တောင်ငူသမိုင်းဟောင်း (ဒေါက်တာမာမာဝေ)**
- **အခြေခံပြတိုက်နှင့်ပြတိုက်လုပ်ငန်းဆိုင်ရာနည်းပညာ(ဘတင့်)**

# သွေးစည်းညီညာ မြန်ပြည်သာ

- စည်းလုံးညီညာ သာယာလော သာယာလော
  သာပေါ့ ပြည်တွင်း ပြည်တွင်း
  မာပေါ့ စိတ်ရင်း စိတ်ရင်း
  နာပေါ့ စည်းအတွင်း စည်းအတွင်း။

- မြန်မာပြည်သည် ရွှေပြည် ရွှေပြည်
  တိုင်းရင်းသားဆွေ မောင်(နှမ)တွေ
  ကြာရှည် ချစ်ကြပါ ချစ်ကြပါ။

- လက်တွဲသွေးစည်း အားအင်ကြီး
  နန်းထီး ခိုင်ခိုင်မာ ခိုင်ခိုင်မာ။

- တို့ရဲ့ မြန်ပြည် ဖြိုးဝေစည်
  (အရှည်)တည် မြင့်မားစွာ မြင့်မားစွာ။

- တောင်တန်းပြည်မ မခွဲကြ
  အားပြ ညီညီညာ ညီညီညာ။

- ရင်းနှီးချစ်ကြည် တစ်သက်တည်
  မြန်ပြည် သာသာယာ သာသာယာ။

- စည်းကမ်းကျနလိုက်နာကြ
  လှပ ရွှေမြန်မာ ရွှေမြန်မာ။

- တိုင်တိုင်ပင်ပင် (အ)ရာရာတွင်
  အောင်မြင် ကောင်းကျိုးဖြာ ကောင်းကျိုးဖြာ။

- တစ်စိတ်တစ်ဝမ်း (အ)လွန်ကြိုးပမ်း
  အေးချမ်း ပြည်မြန်မာ ပြည်မြန်မာ။

- တို့များစွမ်းဆောင် တို့ပြည်ထောင်
  ထွန်းပြောင် ဂုဏ်ရှိန်ဝါ ဂုဏ်ရှိန်ဝါ။

- ပြည်ထောင်စုလမ်း တို့လျှောက်လှမ်း
  အောင်ပန်းစိုက်ထူကာ စိုက်ထူကာ။

- သွေးစည်းလော စွမ်းဆောင်လော ကြိုးစားလော။

**ဆောင်းနေရောင်(အဖျောက်)**


# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

## နိုင်ငံတကာ သတင်းများ

# ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲ တရုတ်နိုင်ငံသို့ သွားရောက်မည်

**ဟနွိုင်း အောက်တိုဘာ ၂၅**

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲ ငုယင်ထရန်ဖူးသည် လာမည့်ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ငုယင်ထရန်ဖူးသည် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက်ထိ တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ထားသော်လည်း ခရီးစဉ်အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

အသက် ၇၈ နှစ်ရှိ ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲ ငုယင်ထရန်ဖူးအတွက် တရုတ်နိုင်ငံခရီးစဉ်သည် ရှားပါးသည့်ပြည်ပခရီးစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ရာထူးကို အောက်တိုဘာ ၂၃ရက်တွင်တတိယအကြိမ်အဖြစ် ရယူခဲ့သည့် တရုတ်သမ္မတ ရှီကျင့်ဖျင်ထံသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့ပြီးဖြစ်သည်။

တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ကမ္ဘာပေါ်၌ နောက်ဆုံးကျန်ရှိသည့် ကွန်မြူနစ်နိုင်ငံငါးနိုင်ငံထဲတွင်ပါဝင်ပြီး ကျန်သုံးနိုင်ငံမှာ လာအို၊ ကျူးဘားနှင့်မြောက်ကိုရီးယားတို့ဖြစ်ကြသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ယခုနှစ် ပထမကိုးလအတွင်း နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးမှာအမေရိကန်ဒေါ်လာ ၁၃၂ ဒသမ ၂၈ ဘီလီယံထိ ရှိခဲ့သည်။ KKO

# ဘဏ္ဍာရေးဝန်ကြီးဟောင်း ရီရှီဆူနက်ခ် ဗြိတိန်ဝန်ကြီးချုပ်ရာထူး ရရှိ

**လန်ဒန် အောက်တိုဘာ ၂၅**

ကွန်ဆာဗေးတစ် ပါတီခေါင်းဆောင်ရွေးချယ်ပွဲ၌ အနိုင်ရခဲ့ပြီးနောက် ဘဏ္ဍာရေးဝန်ကြီးဟောင်း ရီရှီဆူနက်ခ်သည် ယနေ့တွင် ဗြိတိန်ဝန်ကြီးချုပ် ရာထူးကို လက်ခံရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အသက် ၄၂ ရှိ ဆူနက်ခ်သည် အဆိုပါနိုင်ငံအတွက် နှစ် ၂၀၀ အတွင်း အသက်အငယ်ဆုံး ဝန်ကြီးချုပ်ဖြစ်သလို ပထမဆုံးသောလူဖြူမဟုတ်သည့် ဝန်ကြီးချုပ်အဖြစ်လည်း မှတ်တမ်းဝင်မည်ဖြစ်သည်။

ဗြိတိန်နိုင်ငံရေး လောက၏ အချမ်းသာဆုံးနိုင်ငံရေးသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သော ဆူနက်ခ်သည် အိန္ဒိယနွယ်ဖွား ဟိန္ဒူဘာသာဝင်တစ်ဦးဖြစ်သည်။

ဆူနက်ခ်သည် ရာထူးသက်တမ်း ၄၄ ရက်မျှဖြင့် ရာထူးမှနုတ်ထွက်ပေးခဲ့ရသော ဝန်ကြီးချုပ်ဟောင်း လစ်ဇ်ထရပ်၏နေရာကို ရယူမည်ဖြစ်သည်။

ဆူနက်ခ်သည် ဗြိတိန်နိုင်ငံရေးသမိုင်း၏ အပြင်းထန်ဆုံး အချိန်ကာလ အပိုင်းအခြားတစ်ရပ်တွင် ဝန်ကြီးချုပ်တာဝန်ကို ရယူခဲ့ရခြင်းဖြစ်သည်။

ဆိုးရွားပြင်းထန်သည့် စီးပွားရေးပြဿနာများနှင့် ရင်ဆိုင်နေရချိန်တွင် ဗြိတိန်ပြည်တွင်း၌ ညီညွတ်မှုတည်ဆောက်ရန် လိုအပ်ကြောင်း ဆူနက်ခ်က အောက်တိုဘာ ၂၄ ရက်တွင် ကွန်ဆာဗေးတစ်ပါတီလွှတ်တော်အမတ်များကို ပြောကြားခဲ့ကြောင်း သိရသည်။

KKO



# ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်ညစ်ညမ်းမှုပတ်ဝန်းကျင်မျိုး၌ စစ်ဆင်ရေးလုပ်နိုင်ရန် ရုရှားတပ်များ ပြင်ဆင်ထား



**မော်စကို အောက်တိုဘာ ၂၅**

ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်များကြောင့် ညစ်ညမ်းနေသော ပတ်ဝန်းကျင်မျိုး၌ စစ်ရေးလှုပ်ရှားမှုများပြုလုပ်ရေးအတွက် ရုရှားတပ်များကို ပြင်ဆင်ပေးထားကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၄ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရေဒီယိုသတ္တိကြွပစ္စည်းများဖြင့် ဖန်တီးထားသော ညစ်ညမ်းဗုံးကို ဖောက်ခွဲရေးအတွက် ယူကရိန်းနိုင်ငံက ကြံစည်နေကြောင်း ရုရှားအစိုးရတာဝန်ရှိသူများက သတိပေးခဲ့ပြီးနောက် ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုပါသတင်းထုတ်ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

သို့သော် ညစ်ညမ်းဗုံးဖောက်ခွဲရန် စီစဉ်နေသည်ဆိုသော စွပ်စွဲချက်ကို ယူကရိန်းနိုင်ငံက ငြင်းဆိုထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်းအနေဖြင့် ညစ်ညမ်းဗုံးကိုဖောက်ခွဲ၍ ပေါ်ထွက်လာမည့် ဓာတ်ရောင်ခြည်ညစ်ညမ်းမှုပြဿနာအတွက် ရုရှားကို အပြစ်တင်ရန် ကြံစည်နေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

သို့ဖြစ်ရာ မိမိတို့အနေဖြင့် ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်ညစ်ညမ်းမှုဖြစ်နေသောအခြေအနေမျိုး၌ စစ်ရေးလှုပ်ရှားမှုပြုလုပ်ရေးအတွက် ရုရှားတပ်များကို ပြင်ဆင်ပေးထားကြောင်းရုရှားချူကလီးယား၊ ဇီဝလက်နက်နှင့် ဓာတုလက်နက်ကာကွယ်ရေးတပ်ဖွဲ့ အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး အိုင်ဂေါလ်ကီရီလော့ဗ်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများ၏ အဆိုပါပြောကြားချက်များသည် ရုရှားတပ်များ၏ အသင့်အနေအထား ပြင်ဆင်ထားမှုအပြောင်းအလဲနှင့်ပတ်သက်၍ ပထမဆုံးကြေညာမှုဖြစ်ကြောင်း သိရသည်။

KKO

# ယူဂန္ဒာ၌ မျက်မမြင်စာသင်ကျောင်းမီးလောင်မှုကြောင့် လူ ၁၁ ဦး သေဆုံး

**ကမ်ပါလာ အောက်တိုဘာ ၂၅**

ယူဂန္ဒာနိုင်ငံ၌ မျက်မမြင်များအတွက်ဖွင့်လှစ်ထားသည့် စာသင်ကျောင်းတစ်ကျောင်း၌ အောက်တိုဘာ ၂၄ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူ ၁၁ ဦးသေဆုံးခဲ့ရကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။

မျက်မမြင် စာသင်ကျောင်း မီးလောင်ကျွမ်းမှုသည် မုကိုနိုမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းကို မသိရသေးကြောင်း ယူဂန္ဒာတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။




မီးလောင်မှုကြောင့် ကလေးအများစုပါဝင်သည့် မျက်မမြင်ကျောင်းသား ၁၁ ဦး သေဆုံး၍ ခြောက်ဦး ပြင်းထန်စွာဒဏ်ရာရရှိထားကြောင်း ယူဂန္ဒာတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

ယူဂန္ဒာနိုင်ငံ၌ လူအသေအပျောက်များတတ်သည့် စာသင်ကျောင်းမီးလောင်မှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

အချို့သော စာသင်ကျောင်းမီးလောင်ကျွမ်းမှုများမှာ လျှပ်စစ်ဓာတ်ကြိုး ပြဿနာများကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီးအချို့မီးလောင်မှုများမှာ ရှို့မီးကြောင့် ဖြစ်ပွားခဲ့သည့်မီးလောင်ကျွမ်းမှုများ ဖြစ်ကြောင်း ယူဂန္ဒာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလကလည်း ယူဂန္ဒာတောင်ပိုင်းရှိ စာသင်ကျောင်းတစ်ကျောင်း၌ ရှို့မီးတစ်ခုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ကလေး ၁၁ ဦး သေဆုံး၍ ၂၂ ဦး မီးလောင်ဒဏ်ရာများရခဲ့ဖူးကြောင်း သိရသည်။

KKO

# ဂျကာတာသမ္မတနန်းတော်ပြင်ပ၌ လက်နက်ကိုင်အမျိုးသမီးတစ်ဦး ဖမ်းဆီးရမိဟု အင်ဒိုနီးရှားရဲတပ်ဖွဲ့ထုတ်ပြန်

**ဂျကာတာ အောက်တိုဘာ ၂၅**

ဂျကာတာမြို့ သမ္မတနန်းတော်ပြင်ပ၌ လက်နက်ကိုင်ဆောင်ထားသည့်အမျိုးသမီးတစ်ဦးကိုအင်ဒိုနီးရှားအာဏာပိုင်များက ယနေ့တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဖြစ်စဉ်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတရုံး တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါအမျိုးသမီးသည် မျက်နှာဖုံးစည်း တပ်ဆင်ထားသည့်အပြင် ကုအာန်ကျမ်းစာအုပ်တစ်အုပ်ကိုပါ သယ်ယူလာကြောင်း သိရသည်။

အသက် ၂၀ ဝန်းကျင်ရှိ ၎င်းအမျိုးသမီးကို သမ္မတနန်းတော်ပြင်ပ၌ဖမ်းဆီးထိန်းသိမ်းခဲ့ချိန်တွင် သမ္မတဂျိုကိုဝီဒိုဒိုမှာ သမ္မတနန်းတော်တွင်မရှိကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ကမ္ဘာပေါ်၌ မွတ်စလင်ပြည်သူအများဆုံးနေထိုင်သောအင်ဒိုနီးရှားနိုင်ငံသည် အစွန်းလမ်းစဉ်သမားများ၏တိုက်ခိုက်မှုများနှင့်ရှေ့ယခင်က ရင်ဆိုင်ခဲ့ရဖူးသည်။

လက်ရှိအချိန်တွင် သမ္မတနန်းတော်ပြင်ပ၌သေနတ်တစ်လက်နှင့်အတူဖမ်းဆီးမိခဲ့သည့်အမျိုးသမီးကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

KKO

# SCIENCE AND TECHNOLOGY

## One Web ဆက်သွယ်ရေးကုမ္ပဏီ၏ ဂြိုဟ်တု ၃၆ စင်းကို ဂျီအက်စ်အယ်လ်ဗွီမာ့ခ်-၃ ဒုံးပျံဖြင့် အိန္ဒိယအာကာသအေဂျင်စီ လွှတ်တင်ပေးခဲ့



**နယူးဒေလီ အောက်တိုဘာ ၂၅**

အိန္ဒိယ အာကာသအေဂျင်စီသည် ဗြိတိန်အခြေစိုက် One Web ဆက်သွယ်ရေးကုမ္ပဏီ၏ One Web အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တု ၃၆ စင်းကို အောက်တိုဘာ ၂၃ ရက်က ဂျီအက်စ်အယ်လ်ဗွီမာ့ခ်-၃ ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၄ ရက်က ရေးသားတင်ပြထားသည်။

One Web ဂြိုဟ်တုများသယ်ဆောင်ထားသော ဂျီအက်စ်အယ်လ်ဗွီမာ့ခ်-၃ ဒုံးပျံကို ဘင်္ဂလားပင်လယ်အော်ဒေသ ဆရီဟာရီကိုတာကျွန်း ဆာတစ်ရှ်ဒါဝန် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မစ်ရှင်သည် ဂျီအက်စ်အယ်လ်ဗွီမာ့ခ်-၃ အမျိုးအစား ဒုံးပျံ၏ ဒုတိယမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

One Web ဆက်သွယ်ရေးကုမ္ပဏီသည် One Web ဂြိုဟ်တု အစင်းပေါင်း ၆၄၈ စင်းပါဝင်သည့် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် One Web ကုမ္ပဏီသည် One Web ဂြိုဟ်တုပေါင်း ၄၂၆ စင်းကို ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ နေရာချထားပြီးဖြစ်ပြီး အဆိုပါဂြိုဟ်တုအားလုံးကို ရုရှားနိုင်ငံ၏ ဆိုယုဇ်ဒုံးပျံများဖြင့် လွှတ်တင်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဂျီအက်စ်အယ်လ်ဗွီမာ့ခ်-၃ ဒုံးပျံပစ်လွှတ်မှု အောင်မြင်ခဲ့ခြင်းကြောင့် One Web ကုမ္ပဏီအနေဖြင့် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ဂြိုဟ်တု ၄၂၆ စင်းထိ နေရာချထားနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

KKO


## ၂၀၂၅ ခုနှစ်တွင် လကမ္ဘာပေါ်၌ အပင်များစိုက်ပျိုးရေးအတွက် ဣသရေးလ်သိပ္ပံပညာရှင်များ ကြိုးစားမည်

**ကင်ဘာရာ အောက်တိုဘာ ၂၅**

ဣသရေးလ်နိုင်ငံ အမျိုးသားတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ၂၀၂၅ ခုနှစ်တွင် လကမ္ဘာပေါ်၌ အပင်များ စိုက်ပျိုးရေးအတွက် ကြိုးစားမည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၄ ရက်က ရေးသားတင်ပြထားသည်။

ALEPH-1 ဟူ၍ အမည်ပေးထားသည့် အဆိုပါစီမံချက်အတွက် လိုအပ်သည့်မျိုးစေ့များနှင့်စမ်းသပ်စိုက်ပျိုးမှုစနစ်များကို အစ္စရေး အာကာသကုမ္ပဏီ တစ်ခုဖြစ်သည့် Space-IL ကုမ္ပဏီ၏ ဘာရီရှစ်-၂ လဆင်းယာဉ်ဖြင့် လွှတ်တင်ရန် ဣသရေးလ်သိပ္ပံပညာရှင်များက စီစဉ်ထားကြောင်း သိရသည်။

လကမ္ဘာပေါ်၌ အပင်များ စမ်းသပ်စိုက်ပျိုးမှုကို တရုတ်နိုင်ငံက ချန်အာ-၄ လဆင်းယာဉ်ပေါ်တွင် ပြုလုပ်ခဲ့ဖူးရာ ထိုပင်စေ့များ၌အစို့ညှောက်များ အောင်မြင်စွာထွက်လာခဲ့ဖူးကြောင်း သိရသည်။



လမျက်နှာပြင်ပေါ်၌မည်သည့် သက်ရှိမျှ ရှင်သန်မှုမရှိသည့်တိုင် ကမ္ဘာပေါ်မှ အချို့သောသက်ရှိပုံစံများမှာ လမျက်နှာပြင်ပေါ်၌ ရှင်သန်နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

လကမ္ဘာပေါ်၌ အပင်များ အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ပါက အာကာသယာဉ်မှူးများအတွက် အစားအစာ အရင်းအမြစ်များရှိလာမည်ဖြစ်သလို အောက်ဆီဂျင်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

လကမ္ဘာပေါ်၌ ဣသရေးလ်သိပ္ပံပညာရှင်များ စမ်းသပ်စိုက်ပျိုးမည့် အပင်များထဲတွင် Tripoyon Loliformis ခေါ် ဣသရေးလ်မြက်တစ်မျိုးလည်း ပါဝင်ကြောင်း သိရသည်။

KKO

## အင်္ဂါဂြိုဟ်သည် တစ်ချိန်က ပူနွေးစိုစွတ်သောလေထုလွှာပိုင်ဆိုင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၂၅**

အင်္ဂါဂြိုဟ်သည် တစ်ချိန်သောအခါက ပူနွေးစိုစွတ်သော လေထုလွှာပိုင်ဆိုင်ခဲ့ဖူးကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Science Daily သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၄ ရက်က ရေးသားတင်ပြထားသည်။

ထို့ပြင် နိုအာချီယန်ခေတ်ဟုခေါ်သော လွန်ခဲ့သည့်နှစ်ပေါင်း ၃ ဒသမ ၇ ဘီလီယံ နှင့် ၄ ဒသမ ၁ ဘီလီယံကြားကာလတွင် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ ရေစာတ်တည်ရှိခဲ့ဖူးကြောင်း ပြင်သစ်နှင့် အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ နေအဖွဲ့အစည်း၏ သမိုင်းဦးကာလများ၌ အင်္ဂါဂြိုဟ်သည် ကမ္ဘာပေါ်ရှိ ပြင်းထန်သည့် ဝန်းကျင်အခြေအနေအောက်တွင် ရှင်သန်နိုင်စွမ်းရှိသော သက်ရှိများကဲ့သို့ သက်ရှိအုပ်စုများ ရှင်သန်နိုင်သောနေရာမျိုး ဖြစ်ခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

မီသာနိုဂျင်(Methanogen) ခေါ် အဆိုပါသက်ရှိများသည် ကမ္ဘာ့သမုဒ္ဒရာကြမ်းပြင်များပေါ်ရှိ ရေပူတွင်းပေါက်များကဲ့သို့ အလွန်ကြမ်းတမ်းသောပတ်ဝန်းကျင်မျိုး၌ ရှင်သန်နိုင်စွမ်းရှိကြသည်။

သို့ဖြစ်ရာ မီသာနိုဂျင်သက်ရှိများသည် တစ်ချိန်သောအခါက အင်္ဂါဂြိုဟ်မြေအောက်၌ ရှင်သန်နိုင်ခဲ့ဖွယ်ရှိကြောင်း၊ ပြင်သစ်နှင့် အမေရိကန် သိပ္ပံပညာရှင်များသည် မီသာနိုဂျင်သက်ရှိများ အင်္ဂါဂြိုဟ်ပေါ်၌ ရှင်သန်နိုင်စွမ်း ရှိ၊ မရှိကို ဖော်ထုတ်ရေးအတွက် အင်္ဂါဂြိုဟ်ရာသီဥတု စံပြုပုံစံများ၊ အပေါ်ယံမြေလွှာဖွဲ့စည်းပုံ စံပြုပုံစံများနှင့် လေထုလွှာစံပြုပုံစံများ ဖန်တီးလေ့လာခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## အိုမီဂါ-၃ ပါဝင်သောအစားအစာ ပိုစားပါက ဦးနှောက်ဖွဲ့စည်းတည်ဆောက်ပုံကောင်းမွန်နေတတ်

**နယူးယောက် အောက်တိုဘာ ၂၅**

အိုမီဂါ-၃ ဖက်တီးအက်စစ်ပါဝင်သည့် အစားအစာများကို များများစားသုံးသူများသည် အစားနည်းသူများထက် ဦးနှောက်စွမ်းဆောင်ရည် ပို၍မြင့်မားလာနိုင်ပြီး ဦးနှောက်ဖွဲ့စည်းတည်ဆောက်ပုံလည်း ပို၍ကောင်းမွန်နေတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၄ ရက်က ရေးသားတင်ပြထားသည်။

အိုမီဂါ-၃ ဖက်တီးအက်စစ်ကို ဆယ်လ်မွန်ငါး၊ ဆာဒင်းငါး၊ တူနာငါး စသည့်ရေသတ္တဝါများ၌တွေ့ရှိရကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သက်လတ်ပိုင်းအရွယ်တွင် အိုမီဂါ-၃ ဖက်တီးအက်စစ်ပါဝင်သည့် အစားအစာများကို များများစားသုံးသူများသည် စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည် မြင့်မားနေတတ်ကြောင်း အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အိုမီဂါ-၃ ဖက်တီးအက်စစ် များများစားသုံးသူများ၏ ဟစ်ပိုကမ်းပတ်စ်(Hippocampus) ခေါ် ဦးနှောက်နယ်မြေ၏ ထုထည်လည်း ကြီးမားလာကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဟစ်ပိုကမ်းပတ်ဦးနှောက်နယ်မြေသည် မှတ်ဉာဏ်အတွက် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်သော ဦးနှောက်အစိတ်အပိုင်းဖြစ်ကြောင်း သိရသည်။

KKO

## ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ခြင်းဖြင့် ကိုဗစ်ကာကွယ်ဆေး၏ထိရောက်မှုကို မြှင့်တင်နိုင်ဖွယ်ရှိ

**ပရိုဗိုးရိုးယား အောက်တိုဘာ ၂၅**

ကိုယ်ကာယလှုပ်ရှားမှုများပုံမှန်ပြုလုပ်ခြင်းဖြင့် ကိုဗစ်ရောဂါကာကွယ်ဆေးများ၏ ထိရောက်မှုကို မြှင့်တင်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက အောက်တိုဘာ ၂၄ ရက်က ရေးသားတင်ပြထားသည်။

တောင်အာဖရိက သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ ကိုဗစ်ရောဂါ ကာကွယ်ဆေးများသည် ကိုယ်ကာယလေ့ကျင့်ခန်းများကို အနိမ့်ဆုံးအဆင့်ပြုလုပ်နေပြီး ကာကွယ်ဆေး အပြည့်အဝထိုးနှံထားသူများတွင် ဆေးရုံတက်ရောက်ရနိုင်ခြေကို ၆၀ ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း သိရသည်။

ထိုနည်းတူ ကိုယ်ကာယလေ့ကျင့်ခန်းများကို အထိုက်အလျောက်ပုံမှန်ပြုလုပ်သူ၊ အမြင့်ဆုံးအဆင့်ပြုလုပ်သူများတွင် ကိုဗစ်ရောဂါ ကာကွယ်ဆေးများသည် ကိုဗစ်ရောဂါကြောင့် ဆေးရုံတက်ရနိုင်ခြေ ၇၂ ရာခိုင်နှုန်းနှင့် ၈၆ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း တောင်အာဖရိက သုတေသနပညာရှင်များက ပြောကြားသည်။

တောင်အာဖရိက သုတေသနပညာရှင်များသည် အသက် ၁၈ နှစ်နှင့်အထက် ကျန်းမာရေးဝန်ထမ်း ၂၀၀၀၀ ခန့်တို့၏အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကသုတေသနပညာရှင်များသည် ရက်သတ္တပတ်လျှင် မိနစ် ၆၀ ခန့် လေ့ကျင့်ခန်းလုပ်သူများကို ကိုယ်လက်လှုပ်ရှားမှု အနိမ့်ဆုံးလုပ်သူများအဖြစ်၊ မိနစ် ၆၀ နှင့် ၁၄၉ မိနစ်ကြားလေ့ကျင့်ခန်းပြုလုပ်သူများကို အထိုက်အလျောက်လေ့ကျင့်ခန်းပြုလုပ်သူများအဖြစ် မိနစ် ၁၅၀ ထိလေ့ကျင့်ခန်းပြုလုပ်သူများကို ကိုယ်လက်လှုပ်ရှားမှုအမြင့်ဆုံး ပြုလုပ်သူများအဖြစ် သတ်မှတ်ထားသည်။

KKO



# စပိန်လာလီဂါ ပွဲစဉ်(၁၁)အပြီး Clean Sheet ကိုးပွဲရရှိသည့် ပထမဆုံးဂိုးသမားအဖြစ် တာစတီဂျန် စံချိန်သစ်တင်




**မက်ဒရစ် အောက်တိုဘာ ၂၅**

ဘာစီလိုနာအသင်း ဂိုးသမား တာစတီဂျန်သည် စပိန်လာလီဂါ ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ဘာစီလိုနာအသင်းနှင့် ဘီလ်ဘာအိုအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဂိုးမပေးရသည့်ပွဲ(Clean Sheet) ရရှိခဲ့ပြီးနောက် စပိန်လာလီဂါပြိုင်ပွဲသမိုင်းတစ်လျှောက် ၁၁ ပွဲ ကစားအပြီး ကိုးပွဲထိ ဂိုးမပေးရသည့် ပထမဆုံးဂိုးသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၀ နှစ်ရှိ တာစတီဂျန်သည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က ဂလာဘတ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့ပြီး အဓိက ဂိုးသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။

တာစတီဂျန်သည် ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံးလက်စွမ်းပြသလျက်ရှိနေပြီး စပိန်လာလီဂါပြိုင်ပွဲတွင် ရာသီအစ ၁၁ ပွဲကစားပြီးချိန်၌ ဘာစီလိုနာအသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်နှင့် ဘာစီလိုနာအသင်းက ဆိုစီဒက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်နှစ်ပွဲတွင်သာ လေးဂိုးပေးခဲ့ရပြီး အခြားပွဲစဉ်ကိုးပွဲစလုံးတွင် ပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

တာစတီဂျန်သည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အသင်းရလဒ်ပိုင်း မကောင်းမွန်မှုများကြောင့် ပေးဂိုးများခွင့်ပြုခဲ့ရသော်လည်း စပိန်လာလီဂါပြိုင်ပွဲတွင်မူ ပုံစံကောင်းတစ်ရပ်ပြသလျက်ရှိနေပြီး ၁၁ ပွဲကစားပြီးချိန်တွင် ကိုးပွဲထိ ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်ခဲ့ပြီး ၎င်း၏နောက်တွင် စွမ်းဆောင်ရည်အကောင်းဆုံး ဂိုးသမားအဖြစ် ဗီလာရီးရဲလ်အသင်း ဂိုးသမား ရူလီက ခြောက်ပွဲဖြင့် ရပ်တည်လျက်ရှိကြောင်း သိရသည်။

STA

# ပီအက်စ်ဂျီအသင်းက တိုက်စစ်မှူး အန်ဒရစ်ကို ယူရိုသန်း ၃၀ ဖြင့် ခေါ်ယူရန်ကြိုးပမ်း

**ပဲရစ် အောက်တိုဘာ ၂၅**

ပီအက်စ်ဂျီအသင်းသည် ဘရာဇီးကလပ် ပါမီးယပ်စ်အသင်း၌ခြေစွမ်းပြကစားနေသည့် လူငယ်တိုက်စစ်မှူး အန်ဒရစ်ကို အသင်း၏အနာဂတ်စီမံကိန်းအတွက် ယူရိုသန်း ၃၀ ဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် လူငယ်တိုက်စစ်မှူး အန်ဒရစ်၏ ကစားပုံနှင့်စွမ်းဆောင်ရည်ကို ဥရောပကလပ်အသင်းကြီးများက နှစ်သက်သဘောကျနေသောကြောင့် ပီအက်စ်ဂျီအသင်းက လက်ဦးမှုရယူနိုင်ရန် ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ ဖြင့်ကမ်းလှမ်း၍ အနာဂတ်စီမံကိန်းအတွက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စီစဉ်နေကြောင်း သိရသည်။

အသက် ၁၆ နှစ်ရှိ လူငယ်တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီတွင် ဘရာဇီးယူ-၁၆ အသင်းမှ ပြည်တွင်းထိပ်သီးကလပ် ပါမီးယက်စ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပါဝင်ခွင့်ရသည့်ပွဲစဉ်များတွင် ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် ၎င်း၏အရည်အသွေးပိုင်းကိုသိထားသည့် ဥရောပကလပ်အသင်းကြီးများက အပြိုင်ကမ်းလှမ်းမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် အသင်းတိုက်စစ်ပိုင်းကို ဦးဆောင်နေသည့် တိုက်စစ်ကစားသမားများအနေဖြင့် အသက်အရွယ်ရလာသောကြောင့် ၎င်းတို့ထွက်ခွာသွားချိန်တွင် အစားထိုးရန်အတွက် လူငယ်ကစားသမား အန်ဒရစ်သည် ပီအက်စ်ဂျီအသင်း၏ အဓိက ပစ်မှတ်ဖြစ်ခဲ့ကြောင်း သိရသည်။

ML

# မန်ယူကစားသမားဟောင်း ကာရစ်ကို မစ်ဒယ်ဘရော့အသင်းက နည်းပြသစ်ခန့်အပ်

**လန်ဒန် အောက်တိုဘာ ၂၅**

အင်္ဂလန် ချန်ပီယံရှစ်ကလပ် မစ်ဒယ်ဘရော့အသင်းသည် ရလဒ်ပိုင်းကျဆင်းနေသည့် အသင်းကို တာဝန်ယူရန်အတွက်မန်ယူအသင်း ကစားသမားဟောင်း ကာရစ်ကို နည်းပြသစ် ခန့်အပ်လိုက်ကြောင်း ကြေညာခဲ့သည်ဟု ESPN.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မစ်ဒယ်ဘရော့ အသင်းသည် ယခင်နည်းပြဟောင်း ခရစ်ဝိုင်ဒါ လက်ထက် ပြိုင်ပွဲစုံ ၁၂ ပွဲတွင် နှစ်ပွဲသာအနိုင်ရခဲ့သဖြင့် နည်းပြခရစ်ဝိုင်ဒါကို ယခုလအစပိုင်းက ရာထူးမှ ထုတ်ပယ်ခဲ့ပြီး ယာယီနည်းပြအဖြစ် ပါကိုဗစ်ကို ခန့်အပ်ထားချိန်တွင် မန်ယူအသင်းကစားသမားဟောင်း ကာရစ်ကို နည်းပြသစ်ခန့်အပ်နိုင်ရန် ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် ယနေ့တွင် သဘောတူညီမှုရရှိခဲ့သည်။

ကာရစ်သည် ၂၀၁၈ ခုနှစ်က မန်ယူအသင်း ကစားသမားဘဝမှ အနားယူပြီး နည်းပြမော်ရင်ဟိုနှင့် နည်းပြဆိုးလ်ရှားလက်အောက်တွင် လက်ထောက် နည်းပြအဖြစ်သာ တာဝန် ထမ်းဆောင်ခဲ့ပြီးနောက် မန်ယူအသင်းမှ နည်းပြဆိုးလ်ရှား ထွက်ခွာချိန်တွင် ယာယီနည်းပြ တာဝန်ထမ်းဆောင်ခဲ့ကာ အသင်းမှ ထွက်ခွာချိန်တွင် မည်သည့်အသင်း၏ ကမ်းလှမ်းမှုကိုမျှ လက်မခံခဲ့သော်လည်း ယခုအခါ မစ်ဒယ်ဘရော့အသင်း၏ နည်းပြချုပ်အဖြစ် တာဝန်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။




နည်းပြကာရစ်က "မစ်ဒယ်ဘရော့အသင်းက သမိုင်းကြောင်းကောင်းတဲ့ အသင်းတစ်သင်းပါ။ ဒီလိုအသင်းမှာ ကျွန်တော့်အနေနဲ့ တစ်စိတ်တစ်ပိုင်း ပါဝင်ခွင့်ရတာ စိတ်လှုပ်ရှားမိပါတယ်။ ဒါ့ပြင်မစ်ဒယ်ဘရော့အသင်းက ကျွန်တော်ကိုးနှစ်သားမှာကစားခဲ့တဲ့ ကလပ်အသင်းဖြစ်ပါတယ်။ အခုအချိန်မှာဒီအသင်းကို နည်းပြအဖြစ်ပြန်ရောက်လာတဲ့ ခံစားချက်က ဘာနဲ့မှ မတူပါဘူး။ ကျွန်တော့်အနေနဲ့ အသင်းကို အောင်မြင်မှုရယူပေးပြီး ပရိသတ်တွေအတွက် ဂုဏ်ဆောင်နိုင်အောင် စွမ်းဆောင်ပေးမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

# မြောက်အိုင်ယာလန်ကစားသမား မက်အီလ်ရွိုင်း ကမ္ဘာ့အဆင့်(၁)နေရာသို့ တက်ရောက်

**ဝါရှင်တန် အောက်တိုဘာ ၂၅**

မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းသည် အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့သည့် CI Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၁)နေရာသို့ တက်ရောက်ခဲ့ကြောင်းOfficial World Golf Ranking (OWGR) က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း Telegraph သတင်းဌာနက ဖော်ပြခဲ့သည်။

မက်အီလ်ရွိုင်းသည် CI Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ကမ္ဘာ့အဆင့်(၁) အမေရိကန်ဂေါက်သီးရိုက်ကစားသမား ရှက်ဖလာကို ကျော်ဖြတ်နိုင်ခဲ့သည်။

CI Cup ဂေါက်သီးရိုက်ပြိုင်ပွဲ မတိုင်မီကတည်းက မက်အီလ်ရွိုင်းသည် ကမ္ဘာ့အဆင့်(၁)နေရာကို ရယူနိုင်ရန်နှင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားကြိုးစားသွားမည်ဟု ပြောကြားခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သောကြောင့် ၎င်းရည်မှန်းထားသည့်အတိုင်း ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

မက်အီလ်ရွိုင်းက "ကမ္ဘာ့အဆင့်(၁)နေရာကိုရယူနိုင်ဖို့ ပြီးခဲ့တဲ့ ၁၂ လတာကာလပတ်လုံး ကျွန်တော်အချိန်ပေးပြီး လေ့ကျင့်မှုတွေပိုလုပ်ခဲ့တယ်။ အခု ကျွန်တော်လိုချင်တဲ့နေရာကို ပြန်ရခဲ့ပြီ။ အရမ်းပျော်ပါတယ်။ ကမ္ဘာ့အဆင့်(၁) နေရာမှာ ရပ်တည်ခွင့်ရတဲ့ ခံစားချက်က ဘာနဲ့မှမတူပါဘူး။ ကျွန်တော့်ဘဝအတွက် အပျော်ရွှင်ရဆုံးအခိုက်အတန့်ပါ။ CI Cup ဂေါက်သီးရိုက်ပြိုင်ပွဲက ကျွန်တော့်အတွက် အရေးပါလို့ အကောင်းဆုံးကြိုးစားခဲ့တယ်။ ၂၀၂၂ ခုနှစ် ဂေါက်သီးရိုက်ရာသီအတွင်း အကောင်းဆုံးပုံစံတစ်ခုကို ပြသနိုင်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Ring Magazine ၏ ပြိုင်ဘက်ကင်းချန်ပီယံအဖြစ် အလက်ဇန္ဒားအူဆက် ရပ်တည်၍ ဒီယွန်တေက အဆင့်(၁)နေရာတွင် ရပ်တည်

**ဝါရှင်တန် အောက်တိုဘာ ၂၅**

အမေရိကန်အခြေစိုက် Ring Magazine က ၂၀၂၂ ခုနှစ်ကမ္ဘာ့ဟဲဗီးဝိတ်တန်းလောက၏ အဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ရာတွင် WBA၊ WBO၊ IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ယူကရိန်းလက်ဝှေ့သမား အလက်ဇန္ဒားအူဆက်က ပြိုင်ဘက်ကင်းချန်ပီယံအဖြစ်ရပ်တည်နိုင်ခဲ့ကြောင်း Boxing News24 သတင်းဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါစာရင်းတွင် အလက်ဇန္ဒားအူဆက်က ချန်ပီယံအဖြစ်ရပ်တည်နိုင်ခဲ့ပြီးနောက် အမေရိကန်လက်ဝှေ့သမား WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်း ဒီယွန်တေက အဆင့်(၁)နေရာ၌ ရပ်တည်နိုင်ခဲ့သည်။

ဒီယွန်တေအနေဖြင့် WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီက လက်ဝှေ့လောကမှ အနားယူသွားခဲ့သည့်အတွက် အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

Ring Magazine ချန်ပီယံ အလက်ဇန္ဒားအူဆက်ကို နှစ်ကြိမ်တိုင်တိုင်ရှုံးနိမ့်ခဲ့သည့် ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှာက အဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဗြိတိန်လက်ဝှေ့သမားဂျိုးဂွင်းစ်က အဆင့်(၃)နေရာ၌ ရပ်တည်နိုင်ခဲ့သည်။

နာမည်ကြီး Promoter တစ်ဦးဖြစ်သူ အော်စကာဒီလာဟိုယာက "ဒီယွန်တေရဲ့ ညာလက်သီးထိုးချက်က အားပြင်းတယ်။ ကျွန်တော့်အတွက်တော့ ဒီယွန်တေရဲ့ ညာလက်သီးထိုးချက်က အကောင်းဆုံးပါပဲ။ ကျွန်တော် သူ့ကို Promoter တစ်ယောက်အနေနဲ့ စိန်ခေါ်ပွဲပေါင်း ၃၀ လောက် စီစဉ်ပေးခဲ့ဖူးတယ်။ ဒီယွန်တေရဲ့လုပ်နိုင်စွမ်းက အံ့သြစရာ ကောင်းပါတယ်။ ဒီယွန်တေဟာ လက်ဝှေ့လောကရဲ့ သံတမန်တစ်ယောက်လို့ ကျွန်တော်မြင်တယ်။ ကျွန်တော် အကြိုက်ဆုံးလက်ဝှေ့သမားက ဒီယွန်တေပါပဲ။ ဒီယွန်တေဟာ ပုဂ္ဂိုလ်ရေးအရလဲ အရမ်းကောင်းတယ်။ သူတစ်ပါးအပေါ်မှာလဲ ကြင်နာတတ်တဲ့စိတ်အပြည့်ရှိတယ်။ ဒီယွန်တေဟာ သူပိုင်ဆိုင်ခဲ့ဖူးတဲ့ အောင်မြင်မှုတွေကို ပြန်လည်ရယူဖို့ ကြိုးပိုင်းထဲပြန်ရောက်လာတာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် ပွဲကြိုသုံးသပ်ချက်

STA

စပါး Vs စပို့တင်းလစ္စဘွန်း

**ကစားမည့်ရက်/အချိန် ၂၇-၁၀-၂၀၂၂ (နံနက် ၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စပို့တင်းလစ္စဘွန်း ၂ – ၀ စပါး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **စပါး** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |
| **စပို့တင်းလစ္စဘွန်း** | – | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

နှစ်သင်းစလုံး နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းမတည်ငြိမ်ဖြစ်နေပြီး ရှုန်းကန်နေရပါတယ်။ စပါးအသင်းကတော့ အခုပွဲစဉ်မှာ အနိုင်ရရှိရင် နောက်တစ်ဆင့်တက်ရောက်မှာဖြစ်လို့ မဖြစ်မနေအနိုင်ရရှိအောင်ပြင်ဆင်လာမှာပါ။ လက်ရှိ စပို့တင်းလစ္စဘွန်းအသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကလဲ စိတ်ချလို့မရတာကြောင့် စပါးအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – စပါး ၂ – ၁ စပို့တင်းလစ္စဘွန်း**

# ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးအလားအလာ

မောင်စိန်အိ(နဘဲမြေ)



လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုကျော်ကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးသည် ရှစ်ရာခိုင်နှုန်းခန့် တိုးတက်ခဲ့သောကြောင့် အထင်ကြီးလောက်သည့် တိုးတက်မှုနှုန်းဖြစ်ကာ ကမ္ဘာ့စီးပွားရေး အလျင်မြန်ဆုံး ဖွံ့ဖြိုးတိုးတက်မှုနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ထိုကာလအတွင်း ဆင်းရဲမွဲတေမှုလျှော့ချခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေး အဆင့်မြင့်တင်မှုတို့ကို သိသိသာသာ လုပ်ဆောင်နိုင်ခဲ့သည်။

သို့သော် ကမ္ဘောဒီးယားနိုင်ငံတွင် စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ကွာဟချက်များ ရှိနေဆဲဖြစ်ပြီး သာဓကအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့်ကာလတွင် ကွာဟချက်များ မြင့်တက်လာခဲ့သည်။ တိုင်းပြည်လူဦးရေ၏ ၁၈ ရာခိုင်နှုန်းခန့်သည် နေ့စဉ်ဝင်ငွေအမေရိကန်ဒေါ်လာ ၂ ဒသမ ၇ အောက်သာရှိပြီး ဆင်းရဲတွင်းနက်နေဆဲဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲချမ်းသာကွာဟမှုညွှန်းကိန်းအရ ကမ္ဘောဒီးယားနိုင်ငံသည် အာဆီယံ ၁၀ နိုင်ငံတွင် အဆင့် (၈)၌ ရပ်တည်ခဲ့ပြီး ကမ္ဘာ့ ၁၅၈ နိုင်ငံတွင် အဆင့် (၁၁၁) ၌ ရှိနေသည်။

ကမ္ဘောဒီးယားနိုင်ငံသား ၉၀ ရာခိုင်နှုန်းကျော်သည် အလုပ်အကိုင်အခွင့်အလမ်းရရှိနေဆဲပင်ဖြစ်သော်လည်း အမျိုးသားကျန်းမာရေးနှင့်လူမှုဖူလုံရေးစနစ်များကို ခံစားခွင့်မရှိသေးပေ။ အရှေ့တောင်အာရှဒေသရှိ စီးပွားရေးလုပ်ငန်းများတွင် ထိုသို့ လူမှုဖူလုံရေး စောင့်ရှောက်မှုမရရှိခြင်းသည် ထူးဆန်းသောကိစ္စမဟုတ်သော်လည်း ကမ္ဘောဒီးယားနိုင်ငံတွင် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အားနည်းချက်များဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းနေချိန်တွင် ပြည်သူများသည် ကိုဗစ်-၁၉ ကပ်ရောဂါ၊ ကြီးမြင့်သော လူနေမှုစရိတ်များနှင့်သဘာဝဘေးအန္တရာယ်များကြောင့် အတော်လေး ရုန်းကန်ခဲ့ရသည်။

ထိုအခက်အခဲများကို ဖြေရှင်းပေးနိုင်စွမ်းမရှိလျှင် ဘက်ပေါင်းစုံမှအားနည်းချက်များသည်ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာရန်ကြိုးပမ်းမှုများအပေါ် ကန့်သတ်ချက်များဖြစ်ပေါ်စေနိုင်သည်။ ဆိုရလျှင် ယူကရိန်းအရေးကြောင့် ယခုနှစ်အတွင်း တိုင်းပြည် GDP သည် ယခင်ခန့်မှန်းထားသည့် ၅ ဒသမ ၅ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် ၄ ဒသမ ၉ ရာခိုင်နှုန်းထိ ကျဆင်းသွားနိုင်ကြောင်း မျှော်မှန်းရသည်။

၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကမ္ဘောဒီးယားနိုင်ငံ၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု သိသိသာသာကျဆင်းခဲ့ပြီး ပြည်တွင်းစစ်ဖြစ်ပွားပြီးကတည်းက ကြီးမားသောဆုတ်ယုတ်မှုပင်ဖြစ်သည်။ ကိုဗစ်- ၁၉ ရောဂါထိန်းချုပ်နိုင်ရေးအတွက် စာသင်ကျောင်းများပိတ်ထားရသောကြောင့် ပညာသင်ယူခွင့်အခွင့်အလမ်းများ သိသိသာသာကျဆင်းလာခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အချိန်အတုန်ဖြင့် ထိုးနှံခြင်းအပြင် ကိုဗစ်ကာလတွင် ပြည်သူများကို လူမှုစီးပွားပံ့ပိုးမှုများ လုပ်ဆောင်ခဲ့သော်လည်း ကမ္ဘောဒီးယားနိုင်ငံသည် စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြန်လည်ဦးမော့လာရေးတို့အတွက် ရှင်းလင်းပြတ်သားသော စီးပွားရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုများလိုအပ်လျက်ရှိသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် ကြုံတင်မမျှော်မှန်းနိုင်သော အခြေအနေများကြောင့် စိန်ခေါ်မှုများရင်ဆိုင်နေရပြီး မှန်ကန်သောမူဝါဒများနှင့်အစီအစဉ်များ ရေးဆွဲနိုင်ရေးအတွက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် စွန့်စားရနိုင်ခြေများနေသည်။ ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာမှု၊ စားနပ်ရိက္ခာရှားပါးလာမှု၊ လူ့အသက်ဆုံးရှုံးမှုများ၊ စီးပွားရေးနေ့ကွေးလာမှု၊ သာတူညီမျှမှုကွာဟလာမှု၊ အကြွေးနစ်မွန်းလာမှု၊ ရာသီဥတုဖောက်ပြန်လာမှုနှင့်ပထဝီနိုင်ငံရေးဆိုင်ရာ ပဋိပက္ခများသည် ကမ္ဘာ့နိုင်ငံများနှင့် လူမှုအသိုက်အဝန်းများကို မသေချာမရေရာမှု အခြေအနေများဆီသို့ တွန်းပို့ပေးလျက်ရှိသည်။ ထို့ကြောင့် ပိုမိုထိခိုက်နိုင်ခြေများ လျှော့ချနိုင်ရေးအတွက် တုံ့ပြန်ဆောင်ရွက်သွားနိုင်မည့် စွမ်းဆောင်ရည်များလိုအပ်လျက်ရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့မှတစ်ဆင့် ပြည်သူများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ရာတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ကာ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ခြင်းသည် ကုန်ကျစရိတ်ကြီးမားကောင်း ကြီးမားနိုင်ပေသည်။ သို့သော် ပြည်သူ့ကျန်းမာရေးနှင့် ပညာရေးတို့တွင်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်သော တိုင်းပြည်များသည် ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လေ့ရှိသည်။ ထို့ကြောင့် မတူကွဲပြားမှုများ လျှော့ချနိုင်ရေးနှင့် ကြံ့ကြံ့ခံနိုင်ရေးအတွက် ဆင်းရဲတွင်းနက်နေသူများနှင့် ထိခိုက်လွယ်အုပ်စုများအတွက် အခြေခံဝင်ငွေနှင့် လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုများ လုပ်ဆောင်ပေးသွားရန် လိုအပ်သည်။

ဒစ်ဂျစ်တယ်ကွာဟချက် လျှော့ချရေးရည်မှန်းချက်ဖြင့် ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ခြင်းမှသည် ဝန်ဆောင်မှုနှင့်သတင်းအချက်အလက် တိုးမြှင့်လုပ်ဆောင်ခြင်းသည် လူမှုအဖွဲ့အစည်းများကြားဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျှော့ချစေနိုင်သည့်အပြင် စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်နိုင်ခြင်းသည် ကမ္ဘောဒီးယားနိုင်ငံရှိ လူငယ်များကို စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ကြဉ်ဖယ်ခံထားရသော အမျိုးသမီးများနှင့်အမျိုးသားများ၊ မသန်စွမ်းများ၊ ဒေသခံနှင့် တိုင်းရင်းသားလူနည်းစုများနှင့် လူ့အဖွဲ့အစည်းအတွင်းရှိ အဆင်းရဲဆုံးအစိတ်အပိုင်းများကို အထောက်အကူပြုစေမည်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားများကို ပြန်လည်ဖော်ဆောင်နိုင်သည့် အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်ထားရှိသောကြောင့် အစိမ်းရောင်စီးပွားရေးနှင့် စဉ်ဆက်မပြတ် ထုတ်လုပ်မှုနှင့် စားသုံးမှုတို့ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ ကြီးမားသောရည်မှန်းချက်ချမှတ်ထားရှိပြီး စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဆက်နွှယ်နေသော အခွင့်အလမ်းကောင်းများ လက်တွေ့အကောင် အထည်ဖော်နိုင်ရေးအတွက် တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

ဆိုရလျှင် စက်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍတို့သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် သန့်ရှင်းသော နည်းပညာတို့မှ အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများ၌ အင်စတီကျူးရှင်း



များနှင့် အားပေးဆွဲဆောင်မှုများ တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခြင်းသည် များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများအားလုံးတွင် စွမ်းအင်အသုံးပြုနိုင်မှုနှင့် စွမ်းအင်လုံခြုံမှုအတွက် ဈေးနှုန်းများ သတ်မှတ်ဆောင်ရွက်သွားရန် လိုအပ်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံအဆင့် ရပ်တည်နိုင်ရန် ကြိုးပမ်းလျက်ရှိသောကြောင့် ဒေသတွင်း၌ အစိမ်းရောင်စီးပွားရေးလုပ်ငန်းတွင် ဦးဆောင်နိုင်ငံဖြစ်လာခြင်းသည် နိုင်ငံတကာဈေးကွက်များတွင် ယှဉ်ပြိုင်စွမ်းအား ပိုမိုမြှင့်တင်နိုင်ပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကိုလည်း ဆွဲဆောင်နိုင်မည်ဖြစ်သည်။ ဆိုရလျှင် ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ဝင်ငွေအလယ်အလတ်ရှိသည့်နိုင်ငံဖြစ်ရန် မျှော်မှန်းထားသောကြောင့် ဦးစားပေးကုန်သွယ်မှုများ၊ ဝင်ငွေနည်းနိုင်ငံများကိုပေးအပ်သည့် ရန်ပုံငွေပံ့ပိုးပေးမှုအစီအစဉ်နှင့် ပြည်ပနိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့များ ရယူနေမှုကို ရပ်ဆိုင်းသွားရတော့မည်ဖြစ်သည်။

တိုင်းပြည်အတွက်ရရှိနေသော ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေမှာလည်း ပြောင်းလဲသွားမည်ဖြစ်သောကြောင့် ဆန်းသစ်တီထွင်မှုများ၊ သမားရိုးကျမဟုတ်သော လုပ်ငန်းများ၊ ပုဂ္ဂလိကပူးပေါင်းပါဝင်မှုနှင့် ဈေးကွက်အခြေပြု ဘဏ္ဍာရေးဆိုင်ရာဖြေရှင်းနည်းများ လုပ်ဆောင်သွားရန်လိုအပ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် အစိမ်းရောင်စီးပွားရေးနှင့် သာတူညီမျှ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်နိုင်ပြီး ဖွံ့ဖြိုးမှု အထောက်အပံ့လည်း ဖြစ်စေမည်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်နိုင်ငံတည်း ကြိုးပမ်းဖော်ဆောင်နေခြင်းမဟုတ်ပေ။ အာရှ-ပစိဖိတ် ဒေသတစ်လျှောက်တွင် ကမ္ဘာလုံးဆိုင်ရာကျွမ်းကျင်မှုနှင့် ကာလရှည်ကြာအတွေ့အကြုံများ တည်ဆောက်ထားသော ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (UNDP)သည် ကမ္ဘောဒီးယားနိုင်ငံကို လူသားအရင်းအမြစ် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေမြင့်မားရေးအတွက် ပံ့ပိုးကူညီမှုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် အခိုင်အမာဆုံးဖြတ်ထားပြီးဖြစ်သည်။

ဆိုရလျှင် ကိုဗစ်-၁၉ ကပ်ရောဂါသည် လူသားတို့၏ လူနေမှုဘဝ၊ အသက်မွေးဝမ်းကျောင်းနှင့် အုပ်ချုပ်မှုလုပ်ငန်းစဉ်များကို ပြောင်းလဲမှုဖြစ်ပေါ်စေခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ဆုတ်ယုတ်စေကာ လိုအပ်ချက်များမြင့်မားလာစေခဲ့သည်။ ထို့ကြောင့် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်လျက် ပြည်သူများ၏ လူနေမှုဘဝမြင့်မားရေး ဆောင်ရွက်ပေးခြင်းအားဖြင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးစေမည့် လုပ်ငန်းများ ဖန်တီးလုပ်ဆောင်သွားရန်လိုအပ်နေပြီဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- Turning uncertainty into opportunity in Cambodia by Asia Times.

# သရုပ်ဆောင် ခန့်စည်သူနှင့် စေတနာရှင် အလှူရှင်များက ပြည်မြို့နယ်ရှိ အိမ်ထောင်စု ၂၁၇ စုကို ဆန်နှင့် အဝတ်အထည်များ လှူဒါန်း



**ပြည် အောက်တိုဘာ ၂၅**

သရုပ်ဆောင် ခန့်စည်သူနှင့် စေတနာရှင်၊ အလှူရှင်များက ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ အိမ်ထောင်စု ၂၁၇ စုကို ဆန်နှင့်အဝတ်အထည်များ အောက်တိုဘာ ၂၄ ရက်က ပြည်မြို့နယ် ကြို့ရသာကျေးရွာတွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် ကြို့ရသာကျေးရွာ၊ ဇလေ့တင်ကျေးရွာရှိ အိမ်ထောင်စု ၁၅၄ စု၊ ပြည်မြို့ရွှေဆံတော်စေတီတော်မြတ်၏ ဝေယျာဝစ္စဝန်ထမ်း မိသားစု ၆၃ စု စုစုပေါင်း အိမ်ထောင်စု ၂၁၇ စုတို့ကို အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်တစ်အိတ်နှင့် အမျိုးသား၊ အမျိုးသမီး၊ ကလေးဝတ် အဝတ်အထည်ငါးစုံခန့်စီတို့ကို လှူဒါန်းခဲ့ခြင်းဖြစ်ပြီး လှူဒါန်းမှုတန်ဖိုးငွေကျပ်သိန်း ၄၀ ခန့်ဖြစ်ကြောင်း သိရသည်။

"ပြည်မြို့နယ်အတွင်းက ကြို့ရသာကျေးရွာ၊ ဇလေ့တင်ကျေးရွာရှိ အိမ်ထောင်စု ၁၅၄ စုနဲ့ ပြည်ရွှေဆံတော်စေတီတော်မြတ်ရဲ့ ဝန်ထမ်းမိသားစု ၆၃ စုကို အိမ်ထောင်စုတစ်စုကို ဆန်ခြောက်ပြည်နှုန်း၊ အဝတ်အထည် ငါးစုံလောက်စီ လှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင်ခန့်စည်သူက ပြောပြသည်။

သရုပ်ဆောင် ခန့်စည်သူမိသားစုသည် ပြီးခဲ့သည့် အောက်တိုဘာ ၉ ရက်ကလည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မင်္ဂလာကန်တော်စံကျောင်းအတွက် ရေကန်၊ ဆွမ်းဆန်တော်၊ ဆီ၊ သက်န်းနှင့် အလှူတော်ငွေများကို အဆိုပါကျောင်းတိုက်တွင် လှူဒါန်းခဲ့ကြောင်း သိရသည်။ ASH

# Black Adam ၏ ကမ္ဘာတစ်ဝန်း ဝင်ငွေ ကန်ဒေါ်လာသန်း ၁၄၀ ကျော်ရှိလာ

**နယူးယောက် အောက်တိုဘာ ၂၅**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Black Adam ဇာတ်ကားသည် စတင်ရုံတင်ပြီး သုံးရက်အကြာ အောက်တိုဘာ ၂၃ ရက်တွင် ကမ္ဘာတစ်ဝန်း ဝင်ငွေအမေရိကန်ဒေါ်လာသန်း ၁၄၀ ကျော်ထိရှိလာကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

Black Adam ဇာတ်ကားသည် ပထမဆုံးရုံတင်ရက် သုံးရက်မှာပင် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၇၆ သန်းနှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၇၃ သန်းထိ ရရှိခဲ့သည်။

လက်ရှိတွင် ဝါနာဘရားသားကုမ္ပဏီသည် Black Adam ဇာတ်ကားကို နိုင်ငံတကာရုပ်ရှင်ဈေးကွက် ၇၆ ခုနှင့် အမေရိကရုပ်ရှင်ဈေးကွက်တို့၌ ရုံတင်ပြသလျက်ရှိသည်။

Black Adam ဇာတ်ကားကို ဒါရိုက်တာ ဂျူမီကော်လက်ဆာရာက ရိုက်ကူးပေးထားပြီး ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၁၉၅ သန်းထိ ရှိခဲ့သည်။

အဆိုပါဇာတ်ကားသည် Fast and Furious ဇာတ်ကားများမှ တစ်ပါး မင်းသား ဒွေးဂျွန်ဆင်အတွက် ပြည်တွင်းအဖွင့်ဝင်ငွေ အကောင်းဆုံး ဇာတ်ကားဖြစ်ကြောင်း သိရသည်။ KKO




# မိုင်းယောင်းမြို့နယ်အတွင်း ကျေးရွာများတွင် ရှမ်းတိုင်းရင်းသားရိုးရာ ကောက်သစ်စားပွဲတော်များ ကျင်းပလျက်ရှိ

**မိုင်းယောင်း အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရှမ်းတိုင်းရင်းသားရိုးရာ အစဉ်အလာအတိုင်း ကောက်သစ်စားပွဲတော်များ ကျင်းပလျက်ရှိကြောင်း ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (မိုင်းယောင်းခရိုင်) မှ ဥက္ကဋ္ဌ ဦးစိုင်းစံဖက ပြောပြ၍ သိရသည်။

မိုင်းယောင်းမြို့နယ်အတွင်းရှိ တိုင်းရင်းသားများ၏ နှစ်စဉ်ကျင်းပမြဲ ရိုးရာဓလေ့တစ်ခုဖြစ်သော ကောက်သစ်စားပွဲများကို ယခုနှစ်တွင် မိုင်းယောင်းမြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားကျေးရွာများဖြစ်ကြသည့် ဝိအုံ၊ အောင်မြေ၊ အေးချမ်း၊ နမ့်နော်၊ တာကော်ဆာ၊ ကော်ဆမ်မိန်းနှင့် ရှေခင်ကျေးရွာတို့၌ ပျော်ရွှင်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

"ရှမ်းတိုင်းရင်းသားရိုးရာကောက်သစ်စားပွဲတွေကို မိုးနှောင်းရာသီအပြီး ဆောင်းဝင်ခါစ အောက်တိုဘာလစတုတ္ထပတ်ကနေ စတင်ပြီး ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာအရ ကျင်းပကြတာဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းကနေ ထွက်ရှိလာတဲ့ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ငရုတ်သီး၊ အခြားရာသီပေါ် သီးနှံတွေကို ဦးဦးဖျားဖျားစုပေါင်းပြီး ဆက်ကပ်ပူဇော်ဆုတောင်းကြပါတယ်။ ရိုးရာကောက်သစ်စားပွဲကျင်းပတဲ့အခုလိုကာလမှာ အဝေးရောက်နေသူတွေကလဲ မိမိတို့မွေးရပ်မြေရှိ မိဘဆွေမျိုးတွေထံကို ပြန်လာကြပြီး မိသားစုလက်စုံထမင်းဝိုင်းတွေနဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ မိတ်ဆုံထမင်းဝိုင်းတွေ ကျင်းပပြုလုပ်ကြပါတယ်"ဟု ဦးစိုင်းစံဖက ပြောပြသည်။



မိုင်းယောင်းမြို့နယ်အတွင်း၌ ဒေသခံဌာနေတိုင်းရင်းသားများ၏ ရိုးရာကောက်သစ်စားပွဲများကို မိုးနှောင်းရာသီအပြီး ဆောင်းဝင်ခါစ အောက်တိုဘာလ စတုတ္ထပတ်မှစ၍ တိုင်းရင်းသားကျေးရွာများ၌ ပျော်ရွှင်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။ ASH

# Nightbitch ဇာတ်ကားတွင် မင်းသမီး မာရီဟော်လန်း ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၂၅**

Searchlights ရုပ်ရှင်ကုမ္ပဏီ၏ Nightbitch အမည်ရှိ ထိတ်လန့်သည်းဖိုဟာသဇာတ်ကားတွင် မင်းသမီး မာရီဟော်လန်း ပါဝင်လာကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

Nightbitch ဇာတ်ကားတွင် မင်းသမီး မာရီဟော်လန်းသည် မင်းသမီး အေမီအဒစ်၊ မင်းသား စကော့မက်နီရီတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် Nightbitch ဇာတ်ကားကို စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

Nightbitch ဇာတ်ကားသည် အမေရိကန်စာရေးဆရာမ ရာချယ်ယိုဒါ၏ Nightbitch အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ မာရီရယ်ဟက်လာက ရိုက်ကူးနေပြီး ဇာတ်ညွှန်းကို စာရေးဆရာမ ရာချယ်ယိုဒါနှင့် ပူးပေါင်းရေးသားထားသည်။

လက်ရှိတွင် အဆိုပါဇာတ်ကား ရုံတင်မည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# ကျောက်မဲမြို့နယ် မိုင်းတင်းကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**ကျောက်မဲ အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မိုင်းတင်းကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မိုင်းတင်းကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်က လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာနှင့်စံသတ်မှတ်ချက်များ ပြည့်မီရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်မဲမြို့နယ် မိုင်းတင်းကျေးရွာတွင် အလျား၂၄ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၂ ပေရှိကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၃ သိန်း စုစုပေါင်းငွေကျပ် ၁၀၅ ဒသမ ၃ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက မိုင်းတင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ ပညာရေးနှင့် အခြားကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်က ပြောပြ၍ သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses National Committee on Rights of Persons with Disabilities meeting 2/2022





Vice-Senior General Soe Win addresses meeting 2/2022 of National Committee on Rights of Persons with Disabilities.

**Nay Pyi Taw October 25**

National Committee on Rights of Persons with Disabilities held meeting 2/2022 at Ministry of Social Welfare, Relief and Resettlement here this afternoon, addressed by Chairman of the committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present were Union ministers, deputy ministers, member of Nay Pyi Taw Council, the Tax Appellate Tribunal chairman, permanent secretaries, directors general and officials. Myanmar Human Rights Commission vice chairman, members of region and state committees on rights of persons with disabilities, the secretary of (temporary CEC) of Myanmar Federation of Persons with Disabilities, representatives of organizations on persons with disabilities, and officials took part in the meeting through video conferencing.

The Vice-Senior General said the country is in progress in overcoming the Covid-19 global pandemic, and it has laid down post-Covid-19 programs for social development of persons with disabilities. Under the guidance of the national committee, Ministry of SWRR is paying the leading role in approving the five-year strategic plan (2022-2027) on rights of persons with disabilities, modifying the subcommittees, registering the persons with disabilities, increasing the amount of funds for persons with disabilities, and providing effective support for organizations on persons with disabilities and implementing the tasks.

The strategic plan was drawn in accord with the Myanmar harmonious and sustainable development project, and ASEAN strategic action plan 2025. It was launched on 15 September. Relevant ministries and subcommittees should implement their own action plans and to send budget applications in accord with financial rules.

Nine subcommittees on health, education, employment, natural disaster and other emergency issues, women and children with disabilities, availability of information technology, justice, research and monitoring were set up to ensure rights of persons with disabilities.

Disability level fixing and registration has been carried out in four initial project areas – Pobbathiri in Nay Pyi Taw Council Area, Hlaingthaya Township in Yangon Region, Hpa-an Township in Kayin State, and PaO Self-Administered Zone, Hopong Township, Shan State (South) to effectively help persons with disabilities. A new plan covering 330 townships of the country will also be drawn. Immigration and Population Ministry and SWRR Ministry should make coordinated efforts to conduct disability registration in performing the 2024 census.

The Rehabilitation Department and the Monetary Supervision Department are to jointly disburse the K3 billion capital fund for the persons with disabilities without waste to the microfinance organizations under the three-year short term loan plan so as to increase the fund. The increased fund must be spent on education, health, social and welfare of the persons with disabilities, in order to actually benefit the disabled persons.

The loan disbursement committee, the loan scrutiny body and loan supervisory bodies are formed under the control of the national committee. The workshops must be held for the persons with disabilities and their organizations so as to implement the socio-economic life enhancement and drawing of rules and regulations for the increased fund.

It is important for the persons with disabilities to have vocational education, job opportunities and own income to be able to live with prestige and independence. Plans must be drawn for the persons with disabilities to regularly attend the vocational training coursed conducted by the Ministry of Border Affairs, the Ministry of Cooperatives and Rural Development, the Ministry of Industry, the Ministry of Labour and the Ministry of Science and Technology.

In order to increase job opportunities for the persons with disabilities, it is necessary to raise the knowledge awareness on the law on rights of the persons with disabilities, the rules and quota process to industrial zone committees, entrepreneurs and managers. Moreover, it is necessary to honour the work forces and organizations which appoint the disabled persons.

In implementing the rights of the persons with disabilities, it is necessary to enhance health and fitness as well as sport sectors for them on one hand. The Vice-Senior General expressed his delightedness that a total of 69 disabled athletes participated in the 11th ASEAN Para Games held in Surakata (Solo) of Indonesia and secured 14 gold, 12 silver and 17 bronze medals, totalling 43. It stands 6th position among 11 contending countries. Although the sports aim to primarily have health and fitness, victories in the sport competitions help uplift the prestige of the State and the people in the international community. As such, enhancement of the sport standard is a national duty.

Myanmar athletes with disabilities are capable and uplifting the prestige of the State. The Prime Minister himself deservedly honoured them. Efforts must be made for turning out the new generation disabled athletes.

The Vice-Senior General thanked the all national committee members for securing the good results in the measures for the persons with disabilities and urged all to continue participation in the respective sectors for implementation of the duty and functions of the national committee.

Vice-Chair of the national committee Union Minister for SWRR Dr Thet Thet Khaing reported on rights of the persons with disabilities, and development of their socio-economic life.

Secretary of the national committee Deputy Minister U Aung Tun Khaing reported on accomplishment in minutes of the meeting 1/2022.

Union Minister U Ko Ko Hlaing, deputy ministers, the member of Nay Pyi Taw Council, the chairman of Revenue Appellate Tribunal, the vice chair of Myanmar National Human Rights Commission, permanent secretaries, directors general, members of the region and state committees, the secretary of the Temporary Central Executive Committee (Temporary) of Myanmar Association of the Persons with Disabilities, reported on matters related to the rights of the persons with disabilities in respective sectors. Vice-Chair Union Minister Dr Thet Thet Khaing gave a supplementary report.

Secretary of the national committee Deputy Minister U Aung Tun Khaing reported on the minutes earmarked in the meeting 2/2022.

The Vice-Senior General coordinated necessary measures and gave a concluding remark. 100

# Large number of people buys tickets for the Yangon-Bodh Gaya trip for November



Photo shows part of a Bodh Gaya trip.

**Yangon October 25**

There are many people who have purchased tickets in advance for the Yangon-Bodh Gaya flight, which will start operating in November, according to reports of the Myanmar Tourism Federation released on October 21.

Pilgrimage season in Bodh Gaya, Nepal is started from November to April.

Therefore, Myanmar National Airlines (MNA) will operate the Yangon-Bodh Gaya route four days a week from November 4, 2022.

The airlines is planned to operate the Yangon-Bodh Gaya route on every Tuesday, Friday, Saturday, and Sunday.

It is said that the number of passengers per week during the trip to Yangon-Bodh Gaya, which will be flown in November, will increase from 500 to 700.

Therefore, now the Bodh Gaya pilgrimage tourism market based in Yangon has become active.

It is said that there are about two hundred Bodh Gaya pilgrimage tour companies.

Bodh Gaya pilgrimage tour companies based in Yangon are promoting various attractions for pilgrims. 336

# Kayin State sees more than 1,100 MSME industries

**Hpa-an October 25**

More than 1,100 micro, small, and medium scale enterprises are being operated in Kayin State, according to the Kayin State governmetn on 21 October 2022.

At present, Kayin State government is striving for ressurgence of MSME industries in the post-Covid period, under the short and long term plans.

Hence, the state government conducts the training courses for businesspersons to manage the MSME industries in Kayin State.

So far, a total of 1,187 MSME industries are being operated in the state. The state government will provide assistance for businesspersons to have systematic management for their industries.

In this regard, the state government will make efforts for having the Global Value Chain (GVC)

And the International Production Nature (IPN) to be able to penetrate the international market.

The Kayin State MSME development agency held its coordination meeting at the state government office on 20 October to have momentun for development of MSMEs. It was attended by state government officials, departmental officials and MSME businesspersons. 336



An MSME industry in operation.

# Myanmar discusses with China to have fastest approval from GACC to export fruits

**Nay Pyi Taw October 25**

The ministry is in talks with the General Administration of Customs of China (GACC) to grant the green line to vehicles carrying sugar cane and to allow legal export and sale of fruits to China, according to reports from the Ministry of Commerce.

As for Myanmar, fruits and vegetables are imported from China, and fruits and vegetables produced in Myanmar are also exported to China.

In the export and sale of fruits to China, fruits such as avocados, pineapples, pomelos, limes and sweet potatoes are legally allowed to be exported from Myanmar, but as the GACC has not yet approved the registration, these fruits are illegal goods on the Chinese side.

In addition, as the sugarcane season is about to arrive in Myanmar, it is necessary to allow vehicles carrying sugarcane from Myanmar to China to enter and exit directly by providing a green line.

Therefore, a coordination meeting between Myanmar and China to facilitate border trade between the two countries was held through a video conference system on October 19, 2022. 336

# Thinned pine plants from commercial plantations to be auctioned

**Nay Pyi Taw October 25**

The Ministry of Natural Resources and Environmental Conservation on 21 October stated that the pine plants thinned from the commercial plantations will be auctioned on the ground.

The Forest Department grows forest plantations for greening the Myanmar forests in fiscal years. These plantations face thinning for growths at a time.

Hence, the thinned plants were extracted from commercial pine plantations in Hainan-Nanpun protected public forest in Loilem Township of Shan State for fully growth of remaining plants.

These thinned plants will be auctioned at the office of the Loilem District Forest Department. In this regard, these thinned plants are not allowed to be transported across other regions and states and these are for use in the state only.

These are under three feet in diametre of plants. A total of 3,685 thinned pine logs weighing 124.182 tons will be sold at the office of the assistant director through auction at 10 am on 11 November.

Those wishing to purchase the thinned plants can buy K5,000 per copy of auction disciplines at the assistant director office from 26 October to 8 November.

For further information, dial 081-310039 of the staff officer and 081-310527 of the assistant director office of Loilem District Forest Department. 336

# Lweje border trade camp earns more than US$200,000 of trade surplus in second week of October

**Myitkyina October 25**

Manawmyay Trade Centre in Kahin State on 21 October stated that Lweje border trade camp handled more than US$200,000 worth of trade surplus within a week in October 2022.

In the second week of October from 8 to 24 October, Lweje trade camp handled trade volume worth US$507,256.37 comprising US$369,833.63 million worth of export and US$137,422.74 of import goods.

The camp pocketed US$232,410.89 worth of trade surplus during the period.

Likewise, the camp earned US$70.13 million worth of trade volume from 1 April to 14 October 2022 of the 2022-23 fiscal year. In this regard, export volume was worth of US$45.468 million and import one US$24.662 million.

The camp also earned US$20.806 million of trade surplus in the 2021-22 fiscal year.

The camp handles export of tissue banana, cocoon, dried chilli, rubber, rice and broken rice and import of medicines, lace textile, electronic equipment, threads, auto and auto parts, plastic raw materials and clothes. 336

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဗြိတိန်တော်ဝင်လေတပ်က တာတိုပစ်ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များ အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခဲ့



ဗြိတိန်တော်ဝင်လေတပ်(RAF)သည် Typhoon နှင့် Lightning တိုက်လေယာဉ်များပေါ်မှ ၎င်းတို့၏အဆင့်မြင့်တာတိုပစ်ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်(ASRAAM) အများအပြားကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြသည်။ လေကြောင်းပျံသန်း ပစ်ခတ်မှုလေ့ကျင့်ခြင်း ၁၀ ရက်တာအတွင်း လေယာဉ်အုပ်ရှစ်အုပ်မှ လေယာဉ်မှူးများသည် ပစ်မှတ်ဒရုန်းများကို စုစုပေါင်းဒုံးကျည် ၅၃ စင်းဖြင့် အောင်မြင်စွာ ပစ်လွှတ်စမ်းသပ်နိုင်ခဲ့ကြသည်။

ဒုံးကျည်လေ့ကျင့်ရေးစခန်းသည် ပြီးခဲ့သည့်လက Hebrides Air Weapon Range စက်ပစ်ကွင်းရှိ ပင်လယ်ပြင်ပေါ်တွင် တိုက်လေယာဉ်များဖြစ်သော Typhoon နှင့် F-35B Lightning II တို့မှ အနီအောက် ရောင်ခြည်သုံးပဲ့ထိန်းဒုံးကျည်အများအပြား ပစ်လွှတ်ခဲ့ကြခြင်းလည်းဖြစ်သည်။ ဗြိတိန်တော်ဝင်လေတပ် (RAF) Lossiemouth အခြေစိုက် 1(F), II(AC), 6 နှင့် IX(B) Squadrons လေယာဉ်အုပ်များမှ Typhoon လေယာဉ်မှူးများ၊ RAF Coningsby ရှိ အမှတ်(၄၁)တိုင်းတာရေးအုပ် (41 Test & Evaluation Squadron)တို့အပြင် RAF Marham အခြေစိုက် အမှတ် (၂၀၇)နှင့် အမှတ် (၆၁၇) လေယာဉ်အုပ်တို့မှ F-35B Lightning II လေယာဉ်မှူးများ ပါဝင်လုပ်ဆောင်ခဲ့ကြသည်။

၎င်းဒုံးကျည်များကို အဆုံးထိစမ်းသပ်နိုင်စွမ်းသည် ဗြိတိန်တော်ဝင်လေတပ်(RAF)ရှိ ကျွမ်းကျင်ပညာရှင်များကမျိုးဆက်သစ်တပ်ဖွဲ့ဝင်များကို တစ်ပြိုင်တည်းပြုစုပျိုးထောင်ပေးနေချိန်တွင် လက်နက်အပေါ် ယုံကြည်မှုရှိလာစေမည်ဖြစ်သည်။ လေယာဉ်ပေါ်သို့ လက်နက်များတပ်ဆင်ခြင်းမှသည် စက်ပစ်ကွင်းများသို့ ရွှေ့ပြောင်းသယ်ဆောင်ခြင်းထိ လေတပ်တပ်ဖွဲ့ဝင်များကြား ပေါင်းစပ်ပြုလုပ်နိုင်မှုသည် တိုက်ရိုက်ပစ်ခတ်စဉ် အောင်မြင်မှု၏အဓိကသော့ချက်ဖြစ်သည်။ အဆိုပါလေ့ကျင့်မှုတွင် Banshee ပစ်မှတ်ဒရုန်းများကို ဖျက်ဆီးပြလိုက်ခြင်းဖြင့် ဗြိတိန်နိုင်ငံတော်ဝင်လေတပ်(RAF)ပိုင် တိုက်လေယာဉ်နှစ်မျိုးစလုံးရှိ အဆင့်မြင့်တာတိုဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည် (Advanced Short Range Air-to-Air Missiles) များ၏အထင်ကြီးလောက်ဖွယ် စွမ်းရည်ကို သက်သေပြနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

"Typhoon တိုက်လေယာဉ်ပေါ်ကနေ ကျွန်တော့်ရဲ့ပထမဆုံးတိုက်ရိုက်ပစ်ခတ်မှုလေ့ကျင့်ခန်းက မျှော်မှန်းထားတာထက် စိတ်ကျေနပ်ဖို့ကောင်းခဲ့ပါတယ်။ လက်နက်ကိုရွေးချယ်ပြီး ဒုံးကျည်အစစ်အမှန်တစ်စင်းထွက်လာမည်ကို သိလိုက်ရခြင်းကိုက ထူးခြားတဲ့ အခိုက်အတန့်တစ်ခုဖြစ်ပါတယ်။ ဒုံးကျည်အသံနဲ့ မောင်းခလုတ်ဆွဲသံ၊ အဲ့နောက်မှာ ကျယ်လောင်တဲ့အသံကပ်လိုက်လာပြီး လေယာဉ်ရဲ့အနည်းငယ်တုန်ခါသွားမှု၊ ရှေ့ကကောင်းကင်ပြင်မှာပျောက်ကွယ်သွားတဲ့ ဒုံးကျည်ကိုစောင့်ကြည့်ရတာ အမှတ်ရစရာအခိုက်အတန့်တွေပါပဲ။ နောက်ပြီး အဆင့်မြင့်တာတိုဝေဟင်ပစ်တွေ ဘယ်လောက်မြန်မြန်ပျံနိုင်သလဲဆိုတာကို ပါ စွဲမက်ဖွယ်ကောင်းအောင်တွေ့မြင်ခွင့်ရခဲ့ပါတယ်။ ဒီလေ့ကျင့်မှုကနေ တကယ့်တိုက်ပွဲအခြေအနေမှာ ဘယ်လိုအသုံးချနိုင်မလဲဆိုတာ သိရှိခွင့်ရစေတဲ့ အဖိုးတန်အတွေ့အကြုံတစ်ခုလဲ ဖြစ်ပါတယ်"ဟု ဗြိတိန်တော်ဝင်လေတပ်(RAF) Lossiemouth အခြေစိုက်စခန်းမှ လေယာဉ်မှူးတစ်ဦးက ပြောကြားခဲ့သည်။

"တပ်ဖြန့်သုံးနေတဲ့ တိုက်လေယာဉ်တွေမှာ အန္တရာယ်ဖြစ်စေနိုင်တာတွေပါဝင်တာကြောင့် အမြင့်ဆုံးအာရုံစူးစိုက်မှုအဆင့်ကိုရရှိစေဖို့လေ့ကျင့်နိုင်ခဲ့ပါတယ်။ လက်နက်နည်းပညာရှင် Weapons Technician တစ်ယောက်အနေနဲ့ လေယာဉ်ပေါ်တင်ဆောင်ပြီးချိန်မှာ ကြီးမားသောကျေနပ်မှုကိုရရှိမည်ဖြစ်ပြီး လက်နက်များအားလုံးတပ်ဆင်ပြီးပါက လုပ်ဆောင်ဖွယ်ရာတွေဆက်လက်လုပ်ဆောင်စမ်းသပ်မှုကို စောင့်စားကြည့်ရှုကာ လေယာဉ်ပြေးလမ်းပေါ် လေယာဉ်ပြန်လည်ရောက်လာသည်ထိ စောင့်ရမှာဖြစ်ပါတယ်။ ဒုံးကျည်များကိုအောင်မြင်စွာပစ်ခတ်ပြီး ပြန်လာသောအခါ လေ့ကျင့်ရေးနှစ်တစ်ရာသီအတွက် ကြိုးစားအားထုတ်မှုနှင့် လပေါင်းများစွာပြင်ဆင်လုပ်ဆောင်ခဲ့မှုများအပေါ် ကျေနပ်အားရစေပါတယ်"ဟု IX(B) လေယာဉ်အုပ်မှ လက်နက်နည်းပညာရှင်က ပြောကြားခဲ့သည်။

**Royal Air Force conduct largest ever mass firing of ASRAAM ကို ဘာသာပြန်ဆိုထားပါသည်။**

## ပိုလန်စစ်ဘက်က Patriot-PAC-3 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ပေါင်းစပ်ရန်နောက်ဆုံးအဆင့်ရောက်ရှိ

လေးနှစ်ကြာကြိုးပမ်းလုပ်ဆောင်ခဲ့ပြီးနောက် ပိုလန်စစ်ဘက်အတွင်း အမေရိကန်ထုတ် Patriot- PAC-3 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို ပေါင်းစပ်ရန်နောက်ဆုံးအဆင့်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း ပိုလန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၄ ရက် ထုတ်ပြန်သည့်ကြေညာချက်အရ သိရသည်။

၂၀၁၅ ခုနှစ်တွင် စတင်ဖြန့်ကြက်အသုံးပြုနိုင်ခဲ့သော PAC-3 Missile Segment Enhancement (PAC-3 MSE) ဒုံးကျည်သည် မျိုးဆက်သစ် PAC-3 ဒုံးကျည်အမျိုးအစားဖြစ်ပြီး ကြီးထွားနေသောခြိမ်းခြောက်မှုများကို တုံ့ပြန်လုပ်ဆောင်နိုင်ရန် စွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။ PAC-3 MSE ဒုံးကျည်သည် စွမ်းဆောင်ရည်မြင့် အစိုင်အခဲဒုံးပျံမော်တာ၊ အဖျက်စွမ်းအား၊ ပိုမိုတုံ့ပြန်မှုရှိသော ထိန်းချုပ်မျက်နှာပြင်များ၊ လမ်းညွှန်ဆော့ဖ်ဝဲလ်နှင့် အာရုံခံလက်နက်အဆင့်မြှင့်တင်မှုများဖြင့် မူလကနဦး PAC-3 စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

၂၀၁၈ ခုနှစ် မတ်လတွင် ပိုလန်နိုင်ငံသည် အမေရိကန်ထုတ် Patriot PAC-3 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များ တပ်ခွဲ ၂ ခွဲဝယ်ယူရန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၅ ဘီလီယံတန်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဤစာချုပ်၏ ပထမဆုံးအသုတ်ကို ပိုလန်နိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့များထံ ယခုနှစ်တွင် လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။ ယခုနှစ် မေ ၂၅ ရက်တွင် ပိုလန်သည် နောက်ထပ် အမေရိကန်ထုတ် Patriot လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ခြောက်စုံကို ဝယ်ယူခဲ့ကြောင်း ကြေညာခဲ့သည်။ ၎င်းသည် ပိုလန်စစ်ဘက်၏ WISLA လေကြောင်းရန်ကာကွယ်ရေးခေတ်မီရေး အစီအစဉ်၏ဒုတိယအဆင့်လည်းဖြစ်သည်။

ပိုလန်ကာကွယ်ရေးဝန်ကြီး၏အချက်အလက်ကိုကိုးကား၍ ပထမဆုံး Patriot ဒုံးပစ်လောင်ချာများ၊ ရေဒါများနှင့် စနစ်တစ်ခုလုံးကို ပိုလန်လက်နက်ကိုင်တပ်ဖွဲ့များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ ပိုလန်၏ကောင်းကင်ယံကို Patriot စနစ်၊ ဗြိတိန်နိုင်ငံထုတ် CAMM လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည့် NAREW၊ PIORUN MANPADS ပခုံးထမ်းဒုံးစနစ်များနှင့် ပိုလန်နိုင်ငံထုတ် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ် Very Short Range Air Defense (VSHORAD) အမျိုးအစားဖြစ်သည့် လေယာဉ်ပစ်ဒုံးကျည်နှင့်အမြောက်စနစ် PSR-A Pilica တို့နှင့်အတူပေါင်းစပ်ကာကွယ်ရန် အသင့်ဖြစ်နေပြီဟု ပိုလန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

အောက်တိုဘာ ၁၄ရက်က Toruń မြို့၌ ဒုတိယဝန်ကြီးချုပ်၊ အမျိုးသားကာကွယ်ရေးဝန်ကြီး Mariusz Błaszczak သည်




ပိုလန်တပ်မတော်အကြီးအကဲ သမ္မတ Andrzej Duda ၏ရှေ့မှောက်၌ ပိုလန်စစ်ဘက်ရှိ "Wisła" (Vistula) ဝေဟင်နှင့် ဒုံးကျည်ကာကွယ်ရေးခေတ်မီမြှင့်တင်ရေးအစီအစဉ်၏ PATRIOTS လက်နက်စနစ်စမ်းသပ်မှုများနှင့် အခြားအစိတ်အပိုင်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ပိုလန်နိုင်ငံ စစ်ဘက်တွင် WISŁA စနစ်ကို စတင်ဖြန့်ကြက်အသုံးပြုခြင်းကို SICO (System Integration Check-out) လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၎င်းလုပ်ငန်းစဉ်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် ပိုလန်နှင့် အမေရိကန်အဖွဲ့များသည် စနစ်လွှဲပြောင်းလက်ခံခြင်း၊ စစ်လက်နက်ပစ္စည်းများ အပြီးသတ်တပ်ဆင်ခြင်းနှင့် စနစ်ပိုင်းဆိုင်ရာ စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံခြားမိတ်ဖက်များနှင့် ပြည်တွင်းလက်နက်တပ်ဆင်ရေးလုပ်ငန်းများ၏ ကြိုးပမ်းမှုများကြောင့် ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေးစနစ်ထူထောင်ရေးမှာဖြစ်နိုင်ကြောင်း ကာကွယ်ရေးဝန်ကြီး Mariusz Błaszczak က ပြောကြားခဲ့သည်။

**Poland ready to integrate US Patriot PAC-3 air defense missile system within its armed forces ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဖျာပုံမြို့တွင် ငါးကွမ်းရှပ်ငါးဈေးကောင်းလာခြင်းကြောင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေ



**ဖျာပုံ အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ငါးကွမ်းရှပ်ငါးများ ယခုလတွင် ဈေးကောင်းရရှိနေသဖြင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလာကြောင်း ဖျာပုံမြို့ရှိ ငါးအဝယ်ဒိုင်များထံမှ သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးဈေးကွက်တွင် ငါးကွမ်းရှပ် တစ်ပိဿာဈေးနှုန်းမှာ ငွေကျပ် ၁၆၀၀၀ ခန့်သာရှိခဲ့ပြီး ယခုအောက်တိုဘာလဆန်းမှ ယနေ့ထိ တစ်ပိဿာ ငွေကျပ် ၁၈၀၀၀ သို့ ဈေးအနည်းငယ်စတက်လာခဲ့ကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ငါးဈေးတက်လာခြင်းကြောင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများနှင့် ရောင်းဝယ်ရေးဒိုင်များ အရောင်းအဝယ်သွက်လက် အဆင်ပြေလာကြောင်း သိရသည်။

"ဖျာပုံငါးဈေးကွက်မှာ ငါးကွမ်းရှပ်ဈေးနှုန်းက အထွက်နှုန်းနဲ့ ဝယ်လိုအားလိုက်တယ်။ ဈေးနှုန်းပြောင်းလဲလေ့ရှိပေမဲ့လဲ အခုလို ကထိန်အလှူကာလတွေမှာ ပုံမှန်ထက် ဈေးကောင်းရလာတာပါ။ အရင်က တစ်ပိဿာ ၁၂၀၀၀၊ ၁၃၀၀၀ အများဆုံးပါပဲ။ အစ်မတို့ဒိုင်မှာတော့ တစ်ပိဿာ ၁၈၀၀၀ ထိ ရောင်းရတယ်။ တစ်ခြားဒိုင်တွေမှာတော့ တစ်ပိဿာ ၂၀၀၀၀ ထိ ရောင်းချနေရတာတွေရှိတယ်။ နယ်အစုံက အဝယ်များနေတာပါ။ ဈေးကောင်းရရှိတော့ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေပါတယ်"ဟု ဖျာပုံမြို့ရှိ ငါးအဝယ်ဒိုင်ပိုင်ရှင် ဒေါ်ခိုင်မာက ပြောပြသည်။

အဆိုပါ ငါးကွမ်းရှပ်မှာ အကြေးခွံမဲ့ ငါးတစ်မျိုးဖြစ်ပြီး ကိုယ်ထည်ပြား၍ အရိုးနည်းပြီး အရသာရှိကြောင်း၊ ငါးကွမ်းရှပ်ငါးအမျိုးအစားသည် မြန်မာ့ပင်လယ်ပြင်တွင် တစ်နှစ်ပတ်လုံး ဖမ်းဆီးရမိလေ့ရှိသော်လည်း ယခုကဲ့သို့ အောက်တိုဘာလတွင် ပုံမှန်ထက် ဖမ်းဆီးရမိလေ့ရှိကြောင်း ဖျာပုံမြို့ရှိ ငါးအဝယ်ဒိုင်များထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းဖြတ်မြို့နယ် တာကျောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**မိုင်းဖြတ် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ တာကျောက်ကျေးရွာတွင် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်၊ ခရိုင်နှင့် မြို့နယ် တာဝန်ခံ အင်ဂျင်နီယာများက တာကျောက်ကျေးရွာတွင် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရဲခေါင်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။



၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၆၉၇ သန်းဖြင့် တာကျောက်ကျေးရွာတွင် အရှည်သုံးမိုင် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ငွေဘူးသီးကုမ္ပဏီက ဇူလိုင်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၁၈ အိမ်၊ လူဦးရေ ၁၄၈ ဦးတို့ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ခင်မာ**

# ဖြူးမြို့နယ် ဝဲကြီး(မြောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်

**ဖြူး အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝဲကြီး(မြောက်)ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူက အမှာစကား ပြောကြားပြီး တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးက ရန်ပုံငွေလွှဲပြောင်းရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ဖြူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းကျော်က ကျေးရွာမှ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်မည့်ဝဲကြီး(မြောက်)ကျေးရွာရှိ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နေကြာ(အဓိက) အပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးမည့် တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာစွာချေးငွေများ (အရင်းမပျောက်မတည်ရန်ပုံငွေများ) ပံ့ပိုးပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဝဲကြီး(မြောက်)ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် နှမ်း၊ မြေပဲ၊ နေကြာနှင့် အခြားဆီထွက်သီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်နိုင်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၅-၁၀-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၂၅၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွှေဗိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၁၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၂၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများ တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး စနစ်တကျဆောင်ရွက်သွားမည်



**နေပြည်တော် အောက်တိုဘာ ၂၅**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ချက်များကို ဥပဒေနှင့်အညီ တစ်ပြေးညီဖြစ်စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မြန်မာနိုင်ငံ၌ မော်တော်ယာဉ်ဆိုင်ရာ ကြီးကြပ်ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်ရန် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ (၂၀၂၀)ကို ၂၀၂၀ ပြည့်နှစ် မေ ၂၆ ရက်တွင်လည်းကောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုနည်းဥပဒေများကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင်လည်းကောင်း၊ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများဆိုင်ရာ ညွှန်ကြားချက်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင်လည်းကောင်း ပြဋ္ဌာန်းထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်သည့်ဌာနဆိုင်ရာနှင့် ဆက်စပ်အဖွဲ့အစည်းများသို့ ဖြန့်ဝေခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် 1968 Vienna Convention on Road Traffic နှင့် Road Signs & Signals သို့အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်၍ လက်ရှိထုတ်ပြန်ကျင့်သုံးလျက်ရှိသော လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများသည် Vienna Convention ၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်၍ မော်တော်ယာဉ်များ မောင်းနှင်အသုံးပြုနေသည့်လမ်းများကို မြေပြင်တွင် လက်တွေ့အထောင်အထည်ဖော် စီမံခန့်ခွဲဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနများနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီများအနေဖြင့် ၎င်းညွှန်ကြားချက်နှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်စေရေး ရေးဆွဲစိုက်ထူကြရန်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (National Road Safety Council-NRSC)အနေဖြင့် National Road Safety Action Plan (၂၀၂၁-၂၀၃၀)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်း Action Plan တွင်လည်း လမ်းညွှန်း၊ လမ်းအမှတ်အသား၊ အချက်ပြနှင့်သက်ဆိုင်သည့် လုပ်ငန်းစဉ်နှစ်ရပ်ပါဝင်ပြီး လုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများအနေဖြင့် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်စေရေး ညွှန်ကြားကြပ်မတ်လျက်ရှိပါကြောင်း။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ချက်များ၊ အထူးသဖြင့် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများကို ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်စေရေး သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ကြီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီများက လေးစားလိုက်နာကြရန်နှင့် ကွဲလွဲမှုများရှိနေပါက ညွှန်ကြားချက်နှင့်အညီ အမြန်ဆုံးစိစစ်ပြုပြင် ဆောင်ရွက်ပေးပါရန် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းက အချို့ဒေသများတွင် လမ်းညွှန်း၊ လမ်းအမှတ်အသားဆိုင်ရာ ကွဲလွဲအသုံးပြုမှုများ စိစစ်တွေ့ရှိရသည့်အတွက် သက်ဆိုင်ရာ ဥပဒေနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်စေရေးပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လူကူးမျဉ်းကျားနှင့် လမ်းပိုင်းများတွင် အသုံးပြုနေသော ဆေးရောင်များသည် သတ်မှတ်ညွှန်ကြားချက်နှင့်အညီ တစ်ပြေးညီဖြစ်ရန်လိုကြောင်း၊ လမ်းဘေးပလက်ဖောင်းများသည်လည်း လူသွားရန်လုံလောက်သည့် သတ်မှတ်အကျယ်အဝန်းရှိရန် ဆောင်ရွက်သင့်ကြောင်း၊ ယခုလမ်းညွှန်း၊လမ်းအမှတ်အသားများနှင့်အချက်ပြများ တစ်ပြေးညီဖြစ်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဆွေးနွေးအဖြေရှာကာ လိုအပ်မည်ဆိုပါက ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လမ်းညွှန်း၊လမ်းအမှတ်အသားများနှင့် အချက်ပြများဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး၊ အမြန်လမ်းရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့်တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တနင်္သာရီတိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းများ ကာလတိုအတွင်း သိသာစွာတိုးတက်ရေးကြိုးပမ်း

**နေပြည်တော် အောက်တိုဘာ ၂၅**

သုတေသနရလဒ်ကောင်းတစ်ခုသည် သက်ဆိုင်ရာကဏ္ဍ၏ အောင်မြင်ဖွံ့ဖြိုးမှုနှင့် ပြောင်းလဲတိုးတက်မှုကိုတိုက်ရိုက်အကျိုးပြုနိုင်ကြောင်း၊ ယခုအခါ ရေလုပ်ငန်းဆိုင်ရာ သဘာဝသယံဇာတနှင့် မျိုးစိတ်များစွာကြွယ်ဝသည့် တနင်္သာရီတိုင်းဒေသကြီး၌ ငါးသုတေသနလုပ်ငန်းကို ဌာနနှင့်ပုဂ္ဂလိက၏ပူးပေါင်းမှုဖြင့် ဆောင်ရွက်နိုင်ကြပြီဖြစ်၍ ငါးလုပ်ငန်းကဏ္ဍအတွက်သာမက ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံ၏အသားတင်ထုတ်လုပ်မှုတန်ဖိုးတိုးတက်ရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ပြင်ထပ်အော်ရေငန်ငါးသုတေသနစခန်းသို့ ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

ဒုတိယဝန်ကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးတို့ ပြင်ထပ်အော် ရေငန်ငါးသုတေသနစခန်း ပုစွန်သားဖောက်ကန်များ တည်ဆောက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာတွင် မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းနှင့် တာဝန်ရှိသူများက သုတေသနဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ငါးလုပ်ငန်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသရင်းငါးမျိုးစိတ်များ သားဖောက်အသားတိုးမွေးမြူရန် အလားအလာရှိသည့် ရေချိုရေငန်ငါးပုစွန်မျိုးစိတ်များကို ထူးစမ်းလေ့လာရေးနှင့် အသုံးချသုတေသနရလဒ်များဖြစ်ပေါ်ရေးလိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး ကျောက်ငါး၊ ငါးပါးနီနှင့် ကကတစ်ငါးများ ရေပေါ်လှောင်အိမ်ဖြင့် မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျွန်းစုမြို့နယ် ခိုင်ဗင်ယော်ကုမ္ပဏီ ခေတ်မီရေငန်ပုစွန် မွေးမြူရေးစီမံကိန်းရှိ ပုစွန်မွေးကန်များကိုလည်းကောင်း၊ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်(ကတ္တလူ) ခေတ်မီရေငန်ပုစွန်မွေးမြူရေးစီမံကိန်းတွင် ပုစွန်ကုန်ချောထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း၊ ခေတ်မီပုစွန်မွေးမြူရေးကန်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မြိတ်ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်း၌ တနင်္သာရီတိုင်းဒေသကြီးရှိ လယ်ယာကဏ္ဍဆိုင်ရာ တိုင်းဒေသကြီးအဆင့်နှင့် ခရိုင်အဆင့်တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဌာနနှင့် ပုဂ္ဂလိကများအကြား ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ တနင်္သာရီတိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းများ ကာလတိုအတွင်း သိသာစွာပြောင်းလဲတိုးတက်ရေးအတွက် ဒေသအလိုက်၊သီးနှံအလိုက်၊ လုပ်ငန်းကဏ္ဍအလိုက် အစီအမံများ စနစ်တကျရေးဆွဲချမှတ်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တက္ကသိုလ် ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံး နိုဝင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်မည်




**နေပြည်တော် အောက်တိုဘာ ၂၅**

တက္ကသိုလ် ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံး နိုဝင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ အောက်တိုဘာ ၂၇ ရက်မှစ၍ စနေ၊ တနင်္ဂနွေအပါအဝင် နိုဝင်ဘာ ၁၈ ရက်ထိ ကျောင်းအပ်လက်ခံကြရမည်ဖြစ်ပါကြောင်း၊ပထမနှစ်သင်တန်းကို နိုဝင်ဘာ ၂၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ် မတ် ၉ ရက်တွင် တက္ကသိုလ်နှစ်ဝက်စာမေးပွဲများ ကျင်းပမည်ဖြစ်၍ စာသင်ချိန်အပြည့် သင်ကြားပေးသွားကြရမည်ဖြစ်ပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများအနေဖြင့် သင်ကြားရေးကိစ္စရပ်များကို ကြိုတင်ပြင်ဆင်ထားကြစေလိုပါကြောင်း၊ ဘာသာရပ်အလိုက် အတန်းခွဲဝေရာတွင် ခွဲခြားမှု၊ ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနရှိ ရုံးအမှတ်(၁၃)အစည်းအဝေးခန်းမ၌ကျင်းပသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဖွင့်လှစ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်တစ်ခုတည်း ဘာသာရပ်ဌာနတစ်ခုတည်းတွင် အတူလက်တွဲလုပ်ကိုင်နေသူအချင်းချင်းဖြစ်သဖြင့် အုပ်စုမဖွဲ့သင့်ကြောင်း၊ ခွဲခြားမဆက်ဆံသင့်ပါကြောင်း၊ အောက်တိုဘာ ၇ ရက်တွင်ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဝန်ထမ်းများအထက်အောက် ခင်မင်ရင်းနှီးစွာဖြင့်နေထိုင်ပြီး မိသားစုဆက်ဆံရေးပုံစံဖြင့် နေထိုင်ကြရန်လိုကြောင်း၊ လက်အောက်ကိုစေတနာထားပြီး နွေးထွေးသည့် ဆက်ဆံရေးကိုတည်ဆောက်၍ ဆောင်ရွက်မည်ဆိုပါက အပြန်အလှန်နားလည်မှုများရရှိပြီး လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်အောင်မြင်လာမည်ဖြစ်ကြောင်းဖြင့် လမ်းညွှန်မှုပြုခဲ့ခြင်းကို လိုက်နာဆောင်ရွက်ကြရန် ထပ်ဆင့်မှာကြားလိုပါကြောင်း။

ပါမောက္ခချုပ်များ၊ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခများအနေဖြင့် မိမိတို့တက္ကသိုလ်ပတ်ဝန်းကျင်၊ ဌာနဝန်းကျင်၊ စာသင်ဆောင်ဝန်းကျင်နှင့် စာသင်ခန်းတွင်း သန့်ရှင်းသာယာရေး၊ ဥပစာရပ်ကောင်းမွန်ရေးနှင့် လုံခြုံရေးအတွက် လှည့်လည်ကြည့်ရှုစစ်ဆေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများ အချိန်မှန်အတန်းဝင်ရောက် သင်ကြားရေးကို နေ့စဉ်ကြီးကြပ်ကြရမည်ဖြစ်ပါကြောင်း၊ ရုံးစာများကိုလူမှုကွန်ရက်ပေါ်တင်လျှင် ပြင်းထန်စွာ အရေးယူခံရမည်ကို ဝန်ထမ်းများအားလုံး သိရှိနားလည်လိုက်နာစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရပ်နှင့်ဆက်စပ်သည့် ဒေသအကျိုးပြုသုတေသနများ ဆောင်ရွက်ကြစေလိုပါကြောင်း၊ သို့မှသာ ပညာရေးဖြင့် ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မိမိတက္ကသိုလ်၊ မိမိဘာသာရပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တက္ကသိုလ်ဥပစာရပ်နှင့် သန့်ရှင်းသာယာရေးကို စိစစ်မည့်အစီအစဉ်၊ နိုင်ငံခြားပြန် ပညာတော်သင်များထံမှ ပညာရေးမြှင့်တင်မှု အကြံပြုချက်များရယူမည့်အစီအစဉ်နှင့် ဆရာ၊ဆရာမ မွမ်းမံသင်တန်းများ စဉ်ဆက်မပြတ်ပို့ချမည့်အစီအစဉ်တို့ကို ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ ပြန်လည်ဖွင့်လှစ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ် ၇၅ ကျောင်းမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ စီမံ/ဘဏ္ဍာဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းတံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်းရှိ မက်(စ်)မြန်မာဟိုင်းဝေးကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော အမှတ်(၃)လမ်းမကြီးမှတစ်ဆင့် အမှတ်(၇)လမ်းမကြီးအတိုင်း လမ်းတစ်လျှောက်ကိုလည်းကောင်း၊ အမှတ်(၂)လမ်းမကြီး မိုင်တိုင်(၁၆/၄) အနီးတွင် မက်(စ်)မြန်မာဟိုင်းဝေးကုမ္ပဏီက ၄၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးခန်းမဆောင်၌ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အင်ဂျင်နီယာချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ဦးစီးဌာနအလိုက် ဝန်ထမ်းများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးအနောက်မြို့ရှောင်လမ်း မိုင်(၅/၇)မှ မိုင် (၃၂/၆)မှ (၃၂/၇) ရှိ လသာကုန်း underpass သို့ ဆက်သွယ်သည့်လမ်းဖောက်လုပ်မည့် လမ်းအူကြောင်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လမ်းအူကြောင်းသတ်မှတ်ရာတွင် တောင်ကုန်းအတက်၊ အဆင်းနှင့် အကွေ့အဝိုက်နေရာများကို ပြန်လည်စိစစ်တိုင်းတာသတ်မှတ်ရန်၊ မြေယာလျော်ကြေးပေးလျော်မှုနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားသည်။



ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင် ၃၉မှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်)လမ်းပိုင်းကို လမ်းတစ်လျှောက်ကြည့်ရှုပြီး မိုင်(၂၀၄/၀)မှတစ်ဆင့် နေပြည်တော်ကောင်စီနယ်မြေ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်နွယ်နီထွန်းက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ **League (2) ပြိုင်ပွဲမှ**

Future of Dagon FCအသင်း၊ Futsal 19 FCအသင်း၊ AKG FC အသင်း၊ Futsal Chit Thu FCအသင်း၊ Generations FC အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အလားတူ MFF Futsal League (2) ပြိုင်ပွဲကို Yoma FC အသင်း၊ Red Eagles FCအသင်း၊ NY FCအသင်း၊ Maryar FCအသင်း၊ Shwe Pyi Thar FCအသင်း၊ Let Wel Thonera FC အသင်း၊ Myanmar AC Milan Fan အသင်း၊ Friendly Zone FC အသင်း၊ Dream Team Legend FC အသင်း၊ Taw Win Nan FC အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

MFF Futsal League(1)ပြိုင်ပွဲကို အပတ်စဉ် ဗုဒ္ဓဟူးနှင့် စနေနေ့တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး MFF Futsal League (2)ပြိုင်ပွဲကို အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့တို့တွင် ရန်ကုန်မြို့ရှိ MFF Stadium ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

☆ **ကျောဖုံးမှအဆက်**

ဝယ်ယူခွင့်ရရှိခဲ့သော ကျောက်မျက်အတွဲများအတွက် တန်ဖိုးငွေများကို အရောင်းအဝယ်စာချုပ်တွင် သတ်မှတ်ထားသည့် ရက်ပေါင်း ၆၀ အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ပြပွဲများကျင်းပကာ မြန်မာ့ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြင့် ကျောက်မျက်ရတနာရောင်းဝယ်သူများအတွက် ငွေကြေးလည်ပတ်ခြင်း၊ ကျောက်မျက်ရတနာ အချောထည်လုပ်ကိုင်သူများအတွက် ကုန်ကြမ်းရရှိခြင်းနှင့် ကျောက်မျက်ကဏ္ဍမှ လုပ်သားများအတွက် အလုပ်အကိုင်များ အဆင်ပြေခြင်း စသည့်အခွင့်အလမ်းများလည်း ရရှိစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲပြုလုပ်



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲပြုလုပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ယနေ့နံနက်ပိုင်းတွင် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကိုပြုလုပ်ရာ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကဩဝါဒါစရိယ စေတီယင်္ဂဏပဝရ သီရိမဟာဓမ္မဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ သ. စ. အ ဓမ္မာစရိယ(ဝဋံသကာ) ပါဠိပါရဂူ လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ တိပိဋက လင်္ကာရစာသင်တိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှရတနာဆရာတော်ထံမှ ပဋ္ဌာန်းတရားရွတ်ပွားစိတ်ထားနည်းနှင့် အကျိုးတရားများကို နာယူကြသည်။ ယင်းနောက် အလှည့်ကျဆရာတော်က မဟာပဋ္ဌာန်းဒေသနာတော်ကို စတင်ရွတ်ဖတ်ပူဇော်သည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၂၉ ရက်ထိ ရွတ်ဖတ်ပူဇော်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

# မွန်ပြည်နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၅**

မွန်ပြည်နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့ နေ့လယ်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး မွန်ပြည်နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခုက ယာဉ်နှစ်စီးဖြင့် နှာခေါင်းစည်း(Mask) ၁၂ ဒသမ ၂၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်း၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျေးသီးမြို့နယ် ဝမ်စိမ်းကျေးရွာရှိ ဝမ်စိမ်းရှေးဟောင်းမွေတော်ဘုရားကြီး ဘက်စုံပြန်လည်ပြုပြင်နိုင်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်း



ဆရာတော်ထံ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ကျေးသီးမြို့နယ် ဝမ်စိမ်းရှေးဟောင်းမွေတော်ဘုရားကြီး ဘက်စုံပြန်လည်ပြုပြင်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ဝမ်စိမ်းကျေးရွာရှိ ဝမ်စိမ်းရှေးဟောင်းမွေတော်ဘုရားကြီးအား ဘက်စုံပြန်လည်ပြုပြင်နိုင်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုရားကြီး ရင်ပြင်တော်၌ပြုလုပ်ရာ နမ့်လန်မြို့ မဇ္ဈိမာရာမ အလယ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏောဘာသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ သံဃာတော်များ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝမ်စိမ်းရှေးဟောင်းမွေတော်ဘုရားကြီးကို ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးတို့ဖြင့် ဆက်ကပ်ပူဇော်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဇ္ဈိမာရာမ အလယ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ဘုရားကြီးဘက်စုံပြန်လည်ပြုပြင်ရန်အတွက် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# အောက်တိုဘာ ၂၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်ဦးရေ ၁၆၀ တွေ့ရှိပြီး ယနေ့ တစ်ဦးသေဆုံး

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၀၉၀၂ ဦး |
| သေဆုံးသူ | ၁၉၄၇၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၄၇၀၉ ဦး |

**နေပြည်တော် အောက်တိုဘာ ၂၅**

အောက်တိုဘာ ၂၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၀၁၇၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်ဦးရေ ၁၆၀ တွေ့ရှိပြီး ယနေ့တွင် တစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာပြန်လည်ကယ်တင်နိုင်



NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့်ဖမ်းဆီးချုပ်နှောင်ထားသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့မှု ဖြစ်စဉ်ပြမြေပုံ

**နေပြည်တော် အောက်တိုဘာ ၂၅**

NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့ရွာများမှ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသော အမျိုးသမီးနှင့်ကလေးငယ်များအပါအဝင် နိုင်ငံ့ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသား ၂၆ ဦးကို ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပုလဲမြို့နယ် ဖလံပင်ကျေးရွာ မြောက်ယမားဆည်အနီးရှိ PDF အမည်ခံ အကြမ်းဖက်သမားများ၏ စခန်းအတွင်းမှ ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဂန့်ဂေါမြို့နယ်အနီး နယ်မြေခံတပ်ရင်းမှ အရာရှိဇနီးတစ်ဦးသည် အောက်တိုဘာ ၁၂ ရက်တွင် မုံရွာမှ ကျောမြို့သို့လိုက်ပါလာစဉ် ကန့်ဒေါင့်ကျေးရွာအနီးတွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသဖြင့် ခင်ပွန်း၊ မိဘများနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သည်။ ထိုသို့ အဆက်အသွယ် ပြတ်တောက်မှုကြောင့် အရာရှိဖြစ်သူအနေဖြင့် သက်ဆိုင်ရာ အထက်ဌာနသို့တင်ပြခဲ့ရာ နယ်မြေအတွင်း အမာခံသတင်းပေးများဖြင့် နယ်မြေသတင်းများကို စနစ်တကျ စုဆောင်းဖော်ထုတ်ခဲ့စဉ် နောက်ဆုံးဆက်သွယ်မှုရရှိသည့် ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင်နှင့် ရွှေလှန်ကျေးရွာတစ်ဝိုက်တွင် ဖမ်းဆီးချုပ်နှောင်ထားနိုင်ကြောင်း သုံးသပ်ပြီး အောက်တိုဘာ ၁၉ ရက် နှင့် ၂၀ ရက်တွင် ကွန်မန်ဒိုတပ်ဖွဲ့ဖြင့် ရင်ပေါင်တိုင်နှင့် ရွှေလှန်ကျေးရွာတစ်ဝိုက်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ KIA နှင့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ၎င်းတို့အခြေပြုစခန်းအပါအဝင် အလောင်းနှင့် လက်နက်ခဲယမ်း အချို့သာ သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးခံထားသူများ၏ သဲလွန်စများ ရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

ဆက်လက်၍ ဖမ်းဆီးခံရသူများ ပြန်လည်ကယ်တင်နိုင်ရေး နယ်မြေအတွင်းရှိ အမာခံသတင်းပေးများဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ ဖမ်းဆီးခံရသူများချုပ်နှောင်ထားသည့် အကြမ်းဖက်စခန်း၏ တည်နေရာ ထပ်မံဖော်ထုတ်ရရှိသဖြင့် ကွန်မန်ဒိုအဖွဲ့ဖြင့် ထပ်မံစီးနင်းခဲ့ရာ အောက်တိုဘာ ၁၂ ရက်တွင် ဖမ်းဆီးခံရသည့် အရာရှိဇနီးအပါအဝင် ၎င်းတို့ ဖမ်းဆီးချုပ်နှောင်ထားသည့် အပြစ်မဲ့ အမျိုးသမီး ခုနစ်ဦး၊ ကလေးငယ်လေးဦး၊ အမျိုးသား ၁၅ ဦးကို အန္တရာယ်ကင်းစွာ ကယ်တင်နိုင်ခဲ့သည်။ ပြန်လည်ကယ်တင်နိုင်ခဲ့သူများတွင် ခရီးသွားစဉ် ဖမ်းဆီးခံရသည့် အပြစ်မဲ့ပြည်သူများ၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၂၂ ရက်တို့တွင် ဇီးဖြူကုန်းကျေးရွာ အိမ်ခြေတစ်ရာကျော်ကို အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် တောအတွင်းထွက်ပြေးနေစဉ် ဖမ်းဆီးခံရသူများ၊ တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်အချို့၊ အသက်နှစ်နှစ်အရွယ်နှင့်အသက် ၁၂ နှစ်အရွယ် ကလေးငယ်နှစ်ဦးတို့ ပါဝင်ပြီး အချို့သည် ခုနစ်လမှ တစ်နှစ်နီးပါးခန့် ဖမ်းဆီးချုပ်နှောင် ခံထားရသူများဖြစ်ကြောင်း သိရသည်။

ထိုသို့ကယ်ထုတ်ရာတွင် ကွန်မန်ဒိုတပ်ဖွဲ့နှင့် KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများဖြင့် ထိတွေ့တိုက်ပွဲ သုံးကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်အဖွဲ့များ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်သို့ ထွက်ပြေးသွားခဲ့ကာ ၎င်းတို့ထံမှ အကြမ်းဖက်သမားအလောင်းအချို့နှင့် လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့သည်။ ၎င်းတို့ ဆုတ်ခွာထွက်ပြေးစဉ် ဖမ်းဆီးထားသူများထားရှိရာ အဆောက်အအုံကို ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ဖမ်းဆီးခံရသူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ရသည်။

အပြစ်မဲ့အမျိုးသမီးများနှင့် ကလေးသူငယ်များကို အတင်းချုပ်နှောင် ဖမ်းဆီးခြင်း၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများကို အကျပ်ကိုင်ခြိမ်းခြောက်ချုပ်နှောင်ခြင်းများသည် **ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါစစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာအရေးယူနိုင်ရေး** လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေး ဆောင်ရွက်မှု (Counter-terrorism Action) ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့၏ လှုပ်ရှားမှုသတင်းများရရှိက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး ဆေးရုံသို့ပို့ဆောင်ပေးစဉ်။**









**NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။**

## အကျိုးတူလယ်ယာစနစ်ဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်း စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် အသိပေးကြေညာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်စီမံခန့်ခွဲမှုဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကျိုးတူလယ်ယာစနစ် (Contract Farming) စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နွေစပါးသီးနှံနှင့် ဆောင်းပဲတီစိမ်းသီးနှံကို အကျိုးတူလယ်ယာ (Contract Farming) စနစ်ဖြင့်ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းတို့နှင့် ညှိနှိုင်း၍ အကျိုးတူလယ်ယာစနစ်ဖြင့် ဆောင်ရွက်လိုသော ကုမ္ပဏီများကို ဖိတ်ခေါ်ထားပြီးဖြစ်ပါသည်။

စိတ်ပါဝင်စားသော ကုမ္ပဏီများ၊ အသင်းအဖွဲ့များအနေဖြင့် စပါးသီးနှံအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့်လည်းကောင်း၊ ဆောင်းပဲတီစိမ်းသီးနှံအတွက် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းနှင့်လည်းကောင်း၊ တောင်သူများကို သွင်းအားစုဖြန့်ဖြူးနိုင်ရေးအတွက် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းတို့နှင့်လည်းကောင်း အမြန်ဆက်သွယ်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေးထုတ်ပြန်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ၀၁-၂၃၈၂၆၆၊ ၀၁-၂၃၀၁၁၂၈၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း ၀၁-၂၃၁၄၈၂၈၊ ၀၁-၂၃၁၄၈၇၆၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ၀၉-၇၆၅၄၁၁၃၇၀၊ ၀၉-၅၀၁၂၆၆၂တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# တရားမဝင်သစ်မျိုးစုံ၊ ဆက်သွယ်ရေးပစ္စည်း၊ လူသုံးကုန်၊ စားသောက်ကုန်၊ ဆိုင်ကယ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ






**နေပြည်တော် အောက်တိုဘာ ၂၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့တွင် တရားမဝင်သစ်မျိုးစုံ ၈ ဒသမ ၅၃၆၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၃၈၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျအကောက်ခွန်အဖွဲ့ကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆက်သွယ်ရေးပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၂၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသောဆပ်ပြာမှုန့်ထုပ် ကီလိုဂရမ် ၃၇၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၂၅၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Nissan Diesel Tractor Head တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၉၄၂၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၄ ရက်တွင် သံလွင်တံတား(ဘားအံ) စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က ဘားအံမှ သထုံသို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ဘီယာဖာ ၁၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀ ကို လည်းကောင်း၊ ယနေ့တွင် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်၌ စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်တာယာများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာအောက်တိုဘာ ၂၃ ရက်နှင့်ယနေ့တို့တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့များက တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၃၄ ဒသမ ၅၈၇၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၄၈၃၀၂ ကို သစ်တောဥပဒေအရလည်းကောင်း၊ ယနေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က မုန်းမြို့နယ်အတွင်း Honda CR-V အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၄၈၃၀၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၀ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှု အမှုတွဲ ၁၆ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၃၈၄၆၄၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မိုးကြိုးကျေးရွာနေ အောင်မင်း (ခ) မြဌေးသည် ၎င်းအသုံးပြုသည့် "U Aung Min" Facebook အကောင့်၊ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းမြို့ (၂)ရပ်ကွက်နေ ဟန်သိန်း (ခ) ဦးမိုးသည် ၎င်းအသုံးပြုသည့် "Han Thein" Facebook အကောင့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ယန်းကျေးရွာနေသူများဖြစ်သည့် ဇော်မင်းဦး(ခ) အာဒန်နှင့် ခင်လတ်ထွေးတို့ နှစ်ဦးသည် ၎င်းတို့ အသုံးပြုသည့် "Zaw Min Oo" Facebook အကောင့်နှင့် "Lone May Lay" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊NUG နှင့်ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ရာဇသတ်ကြီးပုဒ်မ-၄၀၆ သည် ပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်နှင့်သာ သက်ဆိုင်ပါသည်

ရာဇသတ်ကြီးပုဒ်မ-၄၀၆ တွင် **"မည်သူမဆို ရာဇဝတ်မကင်းသော ယုံကြည်အပ်နံ့ရေးဖောက်ဖျက်မှုကို ကျူးလွန်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"** ဟု ပြစ်ဒဏ်သတ်မှတ်ထားသည်။ ရာဇဝတ်မကင်းသော ယုံကြည်အပ်နံ့ရေးဖောက်ဖျက်မှုကို ရာဇသတ်ကြီးပုဒ်မ-၄၀၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။


"မည်သူမဆို ပစ္စည်းကို သို့တည်းမဟုတ် ပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်ကို တစ်နည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်းခံရသည်တွင် ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင် သို့တည်းမဟုတ် မိမိပစ္စည်းအဖြစ်ပြောင်းလဲလျှင် သို့တည်းမဟုတ် ယုံကြည်အပ်နှံခြင်းခံရသည့်အတိုင်း ဆောင်ရွက်ရန်နည်းလမ်းကို ပြဋ္ဌာန်းသည့်ဥပဒေ ညွှန်ကြားချက်ကို ကျူးလွန်၍သော်လည်းကောင်း၊ ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် သုံးစွဲခြင်း သို့တည်းမဟုတ် စီမံခန့်ခွဲခြင်းပြုလျှင် သို့တည်းမဟုတ် ထိုသို့ပြုသည်ကို တမင်ခွင့်ပြုလျှင်သော်လည်းကောင်း ထိုသူသည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နံ့ဖောက်ဖျက်မှုကို ကျူးလွန်သည်မည်၏"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်အရ ထိုပုဒ်မသည် ပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်နှင့် သက်ဆိုင်ကြောင်းမြင်သာသည်။ သို့ရာတွင် အဓိပ္ပာယ်ကောက်ယူမှုလွဲပြီး အကောင်အထည်မရှိသော၊ အရာဝတ္ထုလည်းမဟုတ်သော ခရီးသည်ပို့ဆောင်ရေးကို တရားဝင်ဆောင်ရွက်ခွင့်ပေးသည့် အခွင့်အရေးနှင့်အညီ မဆောင်ရွက်ခြင်းကြောင့် ချုပ်ဆိုသော ပဋိညာဉ်ကို ကျူးလွန်သဖြင့်ဟုဆိုကာ တရားစွဲဆိုမှုတစ်ခုရှိခဲ့ဖူးသည်။

မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ် ရေနံသာရွာတွင်နေသော ဦးပေါက်သည် ကူးတို့လိုင်စင်ကို လေလံဆွဲဝယ်ယူရရှိခဲ့ကြောင်း၊ စာချုပ်စည်းကမ်းချက်များနှင့်မညီသော ကူးတို့လှေကို အသုံးပြုခဲ့သောကြောင့် ရေနံသာအထက်တန်းကျောင်းမှ ကျောင်းသူသုံးဦး သေဆုံးခဲ့ရသဖြင့် ချုပ်ဆိုသောဥပဒေနှင့်ညီသည့် ပဋိညာဉ်ကို ကျူးလွန်သဖြင့် ရာဇသတ်ကြီးပုဒ်မ-၄၀၆ အရ အရေးယူပေးရန် တိုင်တန်းခဲ့သည်။

ကံမမြို့နယ်တရားရုံးက ဦးပေါက်အပေါ် ရာဇသတ်ကြီးပုဒ်မ-၄၀၆ အရ အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ဦးပေါက်က မကျေနပ်၍ မကွေးတိုင်းတရားရုံး (သရက်ခရိုင်)သို့ အယူခံဝင်ရောက်ခဲ့သော်လည်း အောင်မြင်မှုမရရှိသောကြောင့် တရားရုံးချုပ်သို့ ဦးပေါက်က ပြင်ဆင်မှု တင်သွင်းခဲ့သည်။ ၁၉၉၈ ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၁၇၇ (ခ) မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၈၂ ဦးပေါက်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်စီရင်ထုံး ပေါ်ထွက်လာခဲ့သည်။

ပြင်ဆင်မှုလျှောက်ထားသူ ဦးပေါက်၏ ရှေ့နေက "ယခုအမှုသည် ပစ္စည်းအပ်နှံခြင်း၊ ပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်အပ်နှံခြင်းမဟုတ်ကြောင်း၊ ကူးတို့ပို့သောလုပ်ငန်းနှင့် သက်ဆိုင်သောအမှုဖြစ်ရာ ကူးတို့လေလံစည်းကမ်းပါစာချုပ်အတိုင်း အရေးယူဆောင်ရွက်ပြီးဖြစ်ကြောင်း လိုင်စင်ရရှိသူ ဦးပေါက်၏ လူစားပို့ဆောင်ခဲ့သူမှာ ဦးမောင်ဝင်းဖြစ်ပြီး လူသေဆုံးမှုအတွက် ဦးမောင်ဝင်းကို ရာဇသတ်ကြီးပုဒ်မ-၃၀၄ အရ




အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သော ထောင်ဒဏ်ခုနစ်နှစ်ကို ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း" တင်ပြလျှောက်ထားခဲ့သည်။ ဥပဒေအရာရှိကမူ ဦးပေါက်အနေဖြင့် ယုံကြည်အပ်နှံခြင်းခံရသည့်အတိုင်း မိမိချုပ်ဆိုသော ဥပဒေနှင့်ညီညွတ်သည့် ပဋိညာဉ်ကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်နေသဖြင့် ၎င်းကို ရာဇသတ်ကြီးပုဒ်မ-၄၀၆ ဖြင့် ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ မှန်ကန်ပါကြောင်း တင်ပြလျှောက်ထားခဲ့သည်။

**တရားရုံးချုပ်၏ သုံးသပ်ဆုံးဖြတ်ချက်**

ရေနံသာရွာနေ ကူးတို့လိုင်စင်ရရှိသူ ဦးပေါက်နှင့် ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ချုပ်ဆိုသော ကတိစာချုပ်မှ လိုင်စင်စည်းကမ်းချက်များတွင် အပိုဒ်(၁)၌ **"ကူးတို့လိုင်စင်ဆွဲဝယ်ယူရရှိသူသာလျှင် ခရီးသည်ပို့ဆောင်ရေးကို တရားဝင်ဆောင်ရွက်ခွင့်ရှိပြီး ကူးတို့လေလံဆွဲဝယ်ယူရရှိသူမဟုတ်ဘဲ ကူးတို့လိုင်စင်နယ်နိမိတ်အတွင်း အခကြေးငွေယူ၍ မည်သူမျှ ခရီးသည်ပို့ဆောင်ရေး မပြုရ"**ဟု ဖော်ပြထားခြင်းဖြစ်ရာ **"ကူးတို့လိုင်စင်ဆွဲဝယ်ယူရရှိသူကို ခရီးသည်ပို့ဆောင်ရေး တရားဝင်ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေးကိုသာ ပေးထားခြင်းဖြစ်ကြောင်း"** ကူးတို့ပို့ရန် လှေများကို ပေးအပ်ခြင်းပြုသည်ဟုမပါရှိကြောင်း၊ ကူးတို့လိုင်စင်ဆွဲဝယ်ယူရရှိသူက မိမိအစီအစဉ်ဖြင့် ကူးတို့ပို့ရန် လှေကို စီစဉ်ခြင်းသာဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

ကံမမြို့နယ်တရားရုံးသည် တရားခံ ဦးပေါက်အပေါ် ရာဇသတ်ကြီးပုဒ်မ-၄၀၆ အရ စွဲချက်တင်ပြီး ၎င်းဥပဒေအရပင် အပြစ်ပေးထားကြောင်း၊ ရာဇသတ်ကြီးပုဒ်မ-၄၀၆ တွင် **"မည်သူမဆို ပစ္စည်းကို သို့တည်းမဟုတ် ပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်ကို တစ်နည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်းခံရသည်"**ဟု ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယုံကြည်အပ်နှံခြင်းသည် ပစ္စည်းကို သို့တည်းမဟုတ် ပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်ကို အပ်နှံခြင်းဖြစ်ကြောင်း၊ ရာဇသတ်ကြီးပုဒ်မ-၂၂ တွင် **"ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဆိုသည်မှာ မြေ၊ ထိုပြင် မြေနှင့်စွဲကပ်သောအရာများ သို့တည်းမဟုတ် မြေ၌စွဲကပ်သောအရာတွင် အမြဲတွယ်ထားသည့်အရာများမှတစ်ပါး အကောင်အထည်ရှိသော ကျန်ဝတ္ထုပစ္စည်းအမျိုးမျိုးကို ပါဝင်စေရန်"** ရည်ရွယ်၍ဆိုလိုကြောင်း **"ပစ္စည်းဆိုသောစကားရပ်သည် အကောင်အထည်ရှိသောအရာဝတ္ထုများကိုသာ ရည်ညွှန်းကြောင်း"** တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

အကောင်အထည်မရှိသော အရာဝတ္ထုလည်း မဟုတ်သော ခရီးသည်ပို့ဆောင်ရေးကို တရားဝင်ဆောင်ရွက်ခွင့်ပေးသည့် အခွင့်အရေးသည် ရာဇသတ်ကြီးပုဒ်မ-၄၀၅ က ရည်ညွှန်းသော **ပစ္စည်း** ဆိုသည့်စကားရပ်တွင် အကျုံးဝင်မည်မဟုတ်ကြောင်း၊ ထိုသို့သောအခြေအနေတွင် ကူးတို့လိုင်စင်ရသူ ဦးပေါက်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၀၆ အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေအရ မှန်ကန်သည်ဟုမဆိုနိုင်ကြောင်း တရားရုံးချုပ်က တိတိကျကျသုံးသပ်ခဲ့ပါသည်။

ဦးပေါက်သည် လိုင်စင်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း ထင်ရှားသည်။ လိုင်စင်စည်းကမ်းချက်များ အပိုဒ် (၁၆) တွင် "စည်းကမ်းချက်များကို သိရှိနားလည်ပြီး ဖောက်ဖျက်ခဲ့ပါက လိုင်စင်ကို ရုပ်သိမ်းခြင်းခံရသည်ထိ အရေးယူခံရမည်ကို သိရှိနားလည်ပြီး စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ လိုင်စင်စည်းကမ်းဖောက်ဖျက်၍ ခွင့်ပြုထားသော ကူးတို့လိုင်စင်ကိုလည်း ပြန်လည်ရုပ်သိမ်းခဲ့သည်။ ကျောင်းသူသုံးဦး ရေနစ်သေဆုံးစဉ်က ကူးတို့လှေကို လှော်ခတ်ပို့သူ ဦးမောင်ဝင်းကိုလည်း ရာဇသတ်ကြီးပုဒ်မ-၃၀၄ အရ အလုပ်နှင့်ထောင်ဒဏ်ခုနစ်နှစ် အပြစ်ပေးခဲ့ပြီးဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

ကူးတို့လေလံဆွဲသူ ဦးပေါက်အပေါ် ကူးတို့လိုင်စင်စည်းကမ်းဖောက်ဖျက်မှုအတွက် နစ်နာသူများက တရားမကြောင်းအရ တရားစွဲဆိုနိုင်မည်ဖြစ်သော်လည်း ဦးပေါက်အပေါ် ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းမှာ ဥပဒေနှင့်ညီညွတ်သည်ဟု မဆိုသာကြောင်း၊ ထို့ကြောင့် ပြင်ဆင်မှုကိုခွင့်ပြုပြီး တရားခံ ဦးပေါက်အပေါ် ကံမမြို့နယ်တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် မကွေးတိုင်းတရားရုံး(သရက်ခရိုင်)က အတည်ပြုခဲ့သည့်အမိန့်များကို ပယ်ဖျက်၍ တရားခံ ဦးပေါက်ကို တရားရုံးချုပ်က အမှုမှ အပြီးအပြတ်လွှတ်ခဲ့သည်။

အထက်ပါအမှုကို လေ့လာဆန်းစစ်ကြည့်ပါလျှင် ရာဇသတ်ကြီးပုဒ်မ-၄၀၅ ပါ ပြဋ္ဌာန်းချက်ကို ကျေညက်စွာလေ့လာသုံးသပ်သင့်ကြောင်း တရားရုံးချုပ်က ညွှန်ပြလိုက်ခြင်းဖြစ်သည်။ ရာဇသတ်ကြီးပုဒ်မ-၄၀၅ ကို ဖောက်ဖျက်ကျူးလွန်လျှင် ရာဇသတ်ကြီးပုဒ်မ-၄၀၆ အရ တရားခံအပေါ် ပြစ်ဒဏ်စီရင်ရမည်မှန်သော်လည်း ယုံကြည်အပ်နှံခြင်းသည် ပစ္စည်းသို့မဟုတ် ပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်အပေါ်တွင်သာဖြစ်ကြောင်း လမ်းညွှန်စီရင်ထုံးကိုကိုးကား၍ တင်ပြလိုက်ရပါသည်။

**စိန်လှိုင်ပိုင်**

## သရက်မြို့နယ် ဘော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက် အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဘော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေပထမအကြိမ် ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရေး အတိုးနှုန်းသက်သာစွာဖြင့် ပံ့ပိုးပေးရန် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများကို နေ့ချင်းပြီးထုတ်ချေးပေးနိုင်ရန် ကျေးရွာအရောက် ကြီးကြပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ပထမအကြိမ်အဖြစ် သရက်မြို့နယ် ဘော်ကျေးရွာရှိ နေကြာစိုက်ပျိုးမည့်တောင်သူ ၂၃ ဦးကို ငွေကျပ် ၇၁ သိန်း၊ နှမ်းစိုက်မည့်တောင်သူ ၁၈ ဦးကို ငွေကျပ် ၂၇ သိန်း စုစုပေါင်း အသင်းသား ၄၁ ဦးကို ရန်ပုံငွေကျပ် ၉၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



**မြူလေး**

# စီထရန်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ခုနစ်ဦးသေဆုံး



**ဒါကာ အောက်တိုဘာ ၂၅**

စီထရန်ဟု အမည်ပေးထားသည့် ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အောက်တိုဘာ ၂၄ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ဒေသခံ ခုနစ်ဦးသေဆုံးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်ဟု ANI သတင်းဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

စီထရန်ဆိုင်ကလုန်းမုန်တိုင်းသည် အောက်တိုဘာ ၂၃ ရက်တွင် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် စတင်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၂၄ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နာရေးခရိုင်၊ ကူမီလာခရိုင်၊ ဘိုလာခရိုင်တို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ခဲ့ရသော ဒေသများမှာ ကူမီလာခရိုင်ရှိ ဒါကာမြို့နှင့် နာဂယ်လ်ကော့မြို့၊ ဘိုလာခရိုင်ချက်ဖက်ဆင်မြို့နှင့် နာရေးခရိုင်လိုဟာဂါရာမြို့တို့ဖြစ်ကြောင်း၊ မုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့်ဒေသများမှ ကုန်းနိမ့်ပိုင်းတွင် နေထိုင်သောဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဘင်္ဂလားဒေ့ရှ်မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူများကိုလည်း ယာယီရွက်ဖျင်တဲများဖြင့် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်နေရာချပေးထားခဲ့ကြောင်း သိရသည်။

"မုန်တိုင်းအန္တရာယ်ကြောင့် ဒေသခံထောင်နဲ့ချီပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပါတယ်။ ယာယီရွက်ဖျင်တဲတွေနဲ့ ကယ်ဆယ်ရေးစခန်းတွေဖွင့်လှစ်ပေးထားသလို ကုန်းမြင့်ပိုင်းတွေမှာရှိတဲ့ ပညာရေးအထောက်အကူပြုအဆောက်အအုံတွေကိုလဲ ကယ်ဆယ်ရေးစခန်းတွေအဖြစ် ယာယီအသုံးပြုထားပါတယ်"ဟု မုန်တိုင်းဒဏ်သင့် ကော့ဘာဇာကမ်းခြေအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မာမူနာက ပြောပြသည်။

ဘင်္ဂလားဒေ့ရှ်မီးသတ်နှင့်ကယ်ဆယ်ရေးအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ မုန်တိုင်းအန္တရာယ်ကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ၂၈၁၅၅ ဦးထိရှိနေပြီး ကျွဲနွားတိရစ္ဆာန် ၂၇၃၆ ကောင်ကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**နိုင်းဆက်**

# နက်ကိုလ်ကောင်တီတွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၁၀၀၀ ကျော်ပျက်စီး

**ဝါရှင်တန် အောက်တိုဘာ ၂၅**

အမေရိကန်နိုင်ငံ နီဘရက်စ်ကာပြည်နယ် နက်ကိုလ်ကောင်တီတွင် အောက်တိုဘာ ၂၄ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၁၀၀၀ ကျော် ပျက်စီးနေပြီဖြစ်သလို တောမီးမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေကြောင်း နက်ကိုလ်ကောင်တီမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု KSNB သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါတောမီးကို ထိန်းချုပ်နိုင်ရန် ရုန်းကန်နေရဆဲဖြစ်သည့်အတွက် သစ်တောမြေပျက်စီးမှုနှုန်း မြင့်မားလာနိုင်ကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့်ဧရိယာမှာ အလျား ၁၃ မိုင်၊ အနံ နှစ်မိုင်ထိရှိနေပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုပါ ရယူရမည့်အခြေအနေဖြစ်နေကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်တစ်လုံးပျက်စီးခဲ့ပြီး အခြေခံအဆောက်အအုံ သုံးလုံးပျက်စီးခဲ့ကြောင်း၊ ပျက်စီးခဲ့သည့် အခြေခံအဆောက်အအုံမှာ



တောင်သူများ သိုလှောင်ရုံအဖြစ်ထားရှိသည့် အဆောက်အအုံဖြစ်ကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် လျှပ်စစ်ဓာတ်အားပေးစနစ်များပျက်စီးခဲ့ပြီး တောမီးအခြေအနေကို ထိန်းချုပ်နိုင်မှသာ ပြန်လည်အစားထိုးပြင်ဆင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ရာသီဥတုအခြေအနေကြောင့် တောမီးကူးစက်လောင်ကျွမ်းမှုနှုန်း တော်တော်မြန်နေတယ်။ အချိန်တိုအတွင်း သစ်တောမြေဧက ၁၀၀၀ ကျော်ပျက်စီးသွားတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေတဲ့ဧရိယာကတော့ အလျား ၁၃ မိုင်နဲ့ အနံ နှစ်မိုင်လောက်ထိ ကျယ်ဝန်းပါတယ်။ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်တစ်လုံးပျက်စီးခဲ့ပြီး အခြေခံအဆောက်အအုံသုံးလုံး ပျက်စီးခဲ့ပါတယ်။ တောမီးကိုအမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၂၀၀ အပြင် ဒေသခံပြည်သူလူထုနဲ့တပ်မတော်သားတွေလဲ ပါဝင်ကူညီပေးနေပါတယ်"ဟု နက်ကိုလ်ကောင်တီမီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**နိုင်းဆက်**

# တက္ကဆက်ပြည်နယ်အရှေ့ဘက်ပိုင်းတွင် လေပြင်းမုန်တိုင်းအန္တရာယ်သတိပေးချက်ထုတ်ပြန်ထား

**ဝါရှင်တန် အောက်တိုဘာ ၂၅**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဒေါလက်စ်ဒေသမှ ဝါကိုဒေသတစ်လျှောက် လာမည့် ၂၄ နာရီအတွင်း လေပြင်းမုန်တိုင်းတိုက်ခတ်ဖွယ်ရှိနေကြောင်း အမေရိကန်နေရှင်နယ် မိုးလေဝသစင်တာက ယနေ့တွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ABC News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လေပြင်းမုန်တိုင်းသည် ဒေါလက်စ်ဒေသမှတစ်ဆင့် ဝါကိုဒေသတစ်လျှောက် တိုက်ခတ်ကာ အရှေ့ဘက်ပိုင်းကိုဦးတည်သွားပြီး အော့စတင်၊ ဆန်အန်တိုနီယိုဒေသတို့သို့ တောက်လျှောက် တိုက်ခတ်သွားဖွယ်ရှိနေကြောင်း၊ လေပြင်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းလာနိုင်ပြီး လေဆင်နှာမောင်းပါ တိုက်ခတ်လာဖွယ်ရှိနေကြောင်း၊ လေပြင်းမုန်တိုင်း အားပြင်းထန်သည့်အတွက်ကြောင့် ပျက်စီးဆုံးရှုံးမှုနှုန်းမြင့်မားနိုင်သလို ရေကြီးရေလျှံမှုလဲ ဖြစ်ပေါ်လာနိုင်ကြောင်း အမေရိကန်နေရှင်နယ် မိုးလေဝသစင်တာက ထုတ်ပြန်ခဲ့ကြောင်း၊ တက္ကဆက်ပြည်နယ် အရှေ့ဘက်ပိုင်းဒေသများသည် လေပြင်းမုန်တိုင်းအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ရဖွယ်ရှိနေပြီး ထို့မှတစ်ဆင့် တက္ကဆက်ပြည်နယ် အလယ်ပိုင်းဒေသများသို့ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း သိရသည်။

"တက္ကဆက်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းအနေနဲ့ အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက တာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး လေပြင်းမုန်တိုင်းအန္တရာယ်ကို ရင်ဆိုင်သွားဖို့ ပြင်ဆင်နေပါတယ်။ တက္ကဆက်ပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးမှုအနည်းဆုံးနဲ့ ဒေသခံတွေ အန္တရာယ်ကင်းအောင် အကောင်းဆုံးပြင်ဆင်ဆောင်ရွက်နေပါတယ်။ ဒေသခံတွေအနေနဲ့လဲ သက်ဆိုင်ရာဒေသအလိုက်က အာဏာပိုင်အဖွဲ့အစည်းတွေရဲ့ ညွှန်ကြားချက်တွေအတိုင်း လိုက်နာဆောင်ရွက်ပေးကြပါ။ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးကြပါ။ စေတနာ့ဝန်ထမ်းတွေအနေနဲ့ မိမိတို့ဒေသကိုကာကွယ်ကြဖို့ တိုက်တွန်းလိုပါတယ်"ဟု တက္ကဆက်ပြည်နယ်ဝန်ကြီးချုပ် ဂရေ့အက်ဘော့က ပြောကြားခဲ့သည်။

**နိုင်းဆက်**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ် ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။






၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



# ရှေးဟောင်း ကမ္ဘာ့အံ့ဖွယ်များ

ခိုင်ဇင်

ကျွန်ုပ်တို့၏ ကမ္ဘာကြီးသည် အလွန်အံ့သြဖွယ်ကောင်းသောအရာများ ပြည့်နှက်နေသည်။ ၎င်းအံ့ဖွယ်များထဲမှ ရှေးဟောင်းကမ္ဘာ့အံ့ဖွယ်များကို စာဖတ်သူတို့ ဗဟုသုတအနေဖြင့် ဖော်ပြသွားပါမည်။

**အိန္ဒိယနိုင်ငံရှိ Ajanta လိုဏ်ဂူများ**



Aurangabad မြို့၏အရှေ့မြောက်ဘက် ကီလိုမီတာ ၁၀၀ ခန့် အကွာတွင်ရှိသော ကျောက်တုံးများ၌ ထွင်းထုထားသည့် အိန္ဒိယ၏ Ajanta လိုဏ်ဂူရှိ ဗိသုကာလက်ရာများသည် အိန္ဒိယနိုင်ငံ ဗိသုကာပညာ၏ အထွတ်အထိပ်ဟု ယူဆနိုင်ပေသည်။ Ajanta လိုဏ်ဂူများသည် ပထမဆုံးသော ဗုဒ္ဓဘာသာဆိုင်ရာလိုဏ်ဂူများဖြစ်ပြီး ဘီစီ ၁ ရာစု နှင့် ၂ ရာစုက စတင်တည်ဆောက်ခဲ့သည်။ အေဒီ ၅ ရာစုနှင့် ၆ ရာစု အတွင်း၌ မူလကတည်ရှိခဲ့သောဂူများအပြင် ဗိသုကာပညာများဖြင့် ကြွယ်ဝစွာအလှဆင်ထားသည့် ဂူအများအပြားကိုထည့်သွင်းခဲ့သည်။

**အိုင်ယာလန်နိုင်ငံရှိ Newgrange ရှေးဟောင်းနေရာ**





Newgrange ၏ ကြီးမားပြီး လုံးဝန်းသောအမိုးခုံးသည် စိမ်းနေသောမြက်ခင်းပြင်ပေါ်တွင် ပန်းကန်ပြားပျံ(UFO)ရပ်နားထားသကဲ့သို့ ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ ၎င်းရှေးဟောင်းနေရာကို ဘီစီ ၃၂၀၀ ခန့် Neolithic ခေတ်ကာလက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အီဂျစ်ပိရမစ်များထက် သက်တမ်းပိုမိုကြာမြင့်ကြောင်း လေ့လာတွေ့ရှိရသည်။ ၎င်းရှေးဟောင်းဂူအတွင်း၌ ကျောက်ဖြင့်ပြုလုပ်ထားသော စင်္ကြံနှင့် အတွင်းခန်းများပါရှိသည်။ တောင်ကုန်း၏ အရှေ့ဘက်တွင် မြေထိန်းနံရံတစ်ခုရှိပြီး ထွင်းထုပုံဖော်ထားသော ကျောက်တုံးများဖြင့် ဝိုင်းပတ်ထားသည်။ ၎င်းကို ဥရောပရှိအရေးကြီးဆုံး Megalithic အဆောက်အအုံများထဲမှတစ်ခုအဖြစ် သတ်မှတ်ထားသည်။

**တူရကီနိုင်ငံရှိ Derinkuyu မြေအောက်မြို့တော်**



Derinkuyu မြေအောက်မြို့တော်သည် တူရကီနိုင်ငံ Nevşehir ပြည်နယ်၊ Derinkuyu ခရိုင်ရှိ ရှေးဟောင်းမြေအောက်မြို့တော်တစ်ခုဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် ပေ ၂၀၀ အနက်ထိရှိပြီး အစားအစာများသိုလှောင်ကာ လူပေါင်း ၂၀၀၀၀ ခန့် ခိုလှုံနေထိုင်နိုင်လောက်အောင် ကြီးမားသည်။ ၎င်းသည် တူရကီနိုင်ငံ၏ အကြီးဆုံးတူးဖော်တွေ့ရှိထားသော မြေအောက်မြို့ဖြစ်ပြီး Cappadocia တစ်ခွင်တွင် တွေ့ရှိရသည့် မြေအောက်အဆောက်အအုံများစွာထဲမှ တစ်ခုဖြစ်သည်။ ၎င်းကို ဘီစီ ၇ ရာစုနှင့် ၈ ရာစုကြားတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး စစ်ဘေးဒဏ်ကို ခုခံကာကွယ်ရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းမြေအောက်မြို့တွင် မြို့ထဲသို့ဝင်ရောက်နိုင်သည့် မြေအောက်တံခါးပေါင်း ၆၀၀ ခန့်၊ လေကောင်းလေသန့်ရရှိရန် လေဝင်လေထွက်ပြွန်ပေါင်း ၁၅၀၀၀ အပြင် ဝိုင်စက်ရုံများ၊ မြေအောက်ခန်းများနှင့် ရှုပ်ထွေးသော ကွန်ရက်လမ်းကြောင်းများ၊ ဥမင်များနှင့် စင်္ကြံများပါရှိသည်။

**အီဂျစ်နိုင်ငံရှိ အလက်ဇန္ဒြားယားမီးပြတိုက်**



ကမ္ဘာ့ပထမဆုံး မီးပြတိုက်ဟုဆိုနိုင်သော အလက်ဇန္ဒြားယားမီးပြတိုက်သည် မိုင်ပေါင်းများစွာအဝေးရှိ ပင်လယ်ပြင်မှ နေရောင်ခြည်ရောင်ပြန်ကိုမြင်နိုင်ရန် မှန်များစွာကိုအသုံးပြုခဲ့သည်။ ဘီစီ ၃ ရာစုတွင် တည်ဆောက်ခဲ့ပြီး ပေ ၄၄၀ မြင့်သဖြင့် ရှေးဟောင်းကမ္ဘာ့အံ့ဖွယ်များထဲမှ တစ်ခုဖြစ်သည်။ ၎င်းမီးပြတိုက်၏ဖွဲ့စည်းပုံကြောင့် ၎င်း၏အလင်းရောင်ကို ပင်လယ်မှရေမိုင် ၃၅ မိုင်အကွာကတည်းက မြင်တွေ့နိုင်သည်။

**Rhodes ကျွန်းမြို့ရှိ ကြီးကျယ်မြင့်မြတ်သော Rhodes ရုပ်တု**

အမြင့်ပေ ၁၁၀ ရှိသည့် ရုပ်တုကို ဘီစီ ၂၈၀ တွင် Chares of Lindos က Rhodes မြို့တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဂရိနေနတ်




ဘုရား Helios ကို ဂုဏ်ပြုဆောက်လုပ်ထားခြင်းဖြစ်သည်။ ဆိုက်ပရပ်စ်ကို အုပ်ချုပ်သော Rhodes ၏အောင်ပွဲကို ဂုဏ်ပြုရန်အတွက်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ပေ ၁၁၀ မြင့်သော Rhodes ရုပ်တုသည် ရှေးဟောင်းကမ္ဘာ့အမြင့်ဆုံးရုပ်တုများထဲမှ တစ်ခုဖြစ်သည်။ ၎င်းသည် ပျက်စီးသွားသည့်တိုင် လူကြိုက်များသော ခရီးသွားဆွဲဆောင်မှု တစ်ခုအဖြစ် တည်ရှိနေခဲ့သည်။

**ဂရိနိုင်ငံ ဇုနတ်ဘုရားရုပ်တု**



ဘီစီ ၄၃၅ ခုနှစ်ခန့်က ဂရိပန်းပုဆရာ Phidias က ပြုလုပ်ခဲ့သော ပေ ၄၀ အမြင့်ရှိသည့် ဇုနတ်ဘုရားရုပ်တုဖြစ်သည်။ ရာဇပလ္လင်ပေါ်တွင်ထိုင်နေသည့် ဇုနတ်ဘုရားကို ဆင်စွယ်ပြားများ၊ ရွှေပြားများဖြင့် ထုလုပ်ခဲ့သည်။


**တူရကီနိုင်ငံ Ephesus ရှိ Artemis ဘုရားကျောင်း**



ဒိုင်ယာနာဘုရားကျောင်းဟု လူသိများသော ဤမျှော်စင်မြင့်ဘုရားကျောင်းကို ဘီစီ ၅၅၀ တွင် ဂရိနတ်ဘုရားမ တစ်ပါးဖြစ်သည့် Artemis ကို ဂုဏ်ပြုရန်အတွက် တည်ဆောက်ခဲ့သည်။ ဘုရားကျောင်းသည် အမြင့် ၄၂၅ ပေရှိသည်။

**အီရတ်နိုင်ငံ ဘေဘီလုံ၏မိုးပျံဥယျာဉ်များ**

မိုးပျံဥယျာဉ်များသည် ရှေးခေတ်ဘေဘီလုံ၏ထူးခြားသော အင်္ဂါရပ်တစ်ခုဖြစ်သည်။ သစ်ပင်များ၊ ချုံပုတ်များနှင့် စပျစ်နွယ်ပင်များ



စိုက်ပျိုးထားသည့် ၎င်းဥယျာဉ်များကိုပြုလုပ်ထားသော ဗိသုကာ အင်ဂျင်နီယာပညာ၏စွမ်းပကားမှာ ထူးခြားလှပေသည်။ အေဒီ ၁ ရာစုနှောင်းပိုင်းတွင် ငလျင်ကြောင့်ပျက်စီးသွားခဲ့သည်။ ဘေဘီလုံ၏မိုးပျံဥယျာဉ်များသည် ဒဏ္ဍာရီသက်သက်သာဖြစ်နိုင်သည့် တစ်ခုတည်းသော အံ့ဖွယ်များထဲမှ တစ်ခုဖြစ်သည်။ ၎င်းဥယျာဉ်များသည် ရွှံ့အုတ်များဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး စိမ်းလန်းသောတောင်ကြီးတစ်ခုလို ပုံပန်းသဏ္ဌာန်ရှိသည်ဟု ဒဏ္ဍာရီတွင်ဆိုထားသည်။

**အီဂျစ်ရှိ ဂီဇာမဟာပိရမစ်ကြီး**



ဂီဇာရှိ မဟာပိရမစ်ကြီးကို ဘီစီ ၂၆၀၀ ခန့်က တည်ဆောက်ခဲ့သည်။ ၎င်းသည် အီဂျစ်နိုင်ငံ ဂီဇာရှိ ပိရမစ် သုံးခုအနက် ရှေးအကျဆုံးနှင့် အကြီးဆုံးဖြစ်သည်။ ၎င်းသည် ပြီးပြည့်စုံသော အချိုးကျမှုနှင့် ခံ့ညားသော အမြင့်ဖြင့် တည်ဆောက်ထားသောကြောင့် ကမ္ဘာလှည့် ခရီးသွားများကို အထင်ကြီးစေခဲ့သည်။ ၎င်းသည် ကမ္ဘာပေါ်တွင် နှစ်ပေါင်း ၄၀၀၀ ခန့်သက်တမ်းရှိသည့် အမြင့်ဆုံးသော လူလုပ်အဆောက်အအုံဖြစ်သည်။ ဂီဇာ၏ ပိရမစ်များသည် ကမ္ဘာ့အံ့ဖွယ်များထဲတွင် ရှေးအကျဆုံးဖြစ်ပြီး ယနေ့ခေတ်တွင် တည်ရှိနေသည့် တစ်ခုတည်းသောအရာဖြစ်သည်။

**Top 10 Wonders of the Ancient World ကို ဘာသာပြန်ဆိုပါသည်။**

0 w Kv d @

# ပိတ်ရက်လေးများရှိစေချင်

ကြယ်စင်(လားရှိုး)




(၁)

မနက်မိုးလင်းမယ်မကြဲသေးဘူး ခေါင်းထဲမှာ အလုပ်တွေကအစီအရီ။ အစ်ကိုအလုပ်သွားဖို့ သားလေး၊ သမီးလေးတွေအတွက် ကျောင်းသွားဖို့ ထမင်းချိုင့်ပြင်ဆင်ပြီး အသီးသီးထွက်သွားကြပြန်တော့ သူတို့ချွတ်ထားခဲ့တဲ့အဝတ်အစားလေးတွေစုပြီး ဆပ်ပြာရည်စိမ်ထားကာ ထမင်းကြမ်းခဲလေးကို ကျန်တဲ့ဟင်းကျန်လေးနဲ့ နယ်ဖတ်စားလိုက်မိတယ်။ မနက်လေးနာရီခွဲငါးနာရီဆိုတာ ထားရဲ့ နောက်အကျဆုံးအိပ်ရာထချိန်။ မျက်နှာကမန်းကတန်းသစ်ပြီး ဘုရားသောက်တော်ရေလေးလဲကာ ကော်ဖီတစ်ခွက်နဲ့ရှိတဲ့မုန့်လေးက ဘုရားအရုဏ်ဆွမ်းလေ။ ထမင်းအိုးဆေးပြီးတည်၊ ညကတည်းကလုံးထားတဲ့ဟင်းလေးကိုပြန်နွှေး၊ အသီးရွက်လေးတစ်ခွက်ကြော်၊ အစပ်လေးအတွက် ငရုတ်သီးထောင်းလေးနဲ့ အိမ်မှာစားသလို ထမင်းမြိန်စေခဲ့တဲ့ထားပါ။

"အမေ သမီးယူနီဖောင်းတော"

"မိန်းမရေ ယောကျ်ားနာရီ ဘယ်နားမှာတွေ့မိသေးလဲ"

"အမေ သား ခြေအိတ်ဘယ်နားမှာလဲ"

လဲပေါင်းများစွာရဲ့အဖြေက ထားမေဆီမှာပါ။ သားနဲ့သမီးတွေကိုငယ်စဉ်ကတည်းက ကိုယ့်တာဝန်ကိုယ်ယူတတ်ဖို့ သင်ကြားပေးခဲ့ပေမဲ့ အိမ်ရဲ့ရှိသမျှ၊ လိုအပ်မှုမှန်သမျှက နတ်သမီးနှင်တံကိုင်ထားတဲ့ထားမေလက်ထဲမှာရှိနေခဲ့တယ်။ အခုခေတ်မှာ အိမ်ထောင်ရှင်မဖြစ်လာရတဲ့ ထားမေတို့အဖို့ သိပ်ကိုထက်မြက်လွန်းတဲ့သူတွေလို့ ထားမေမြင်မိတယ်။ ထားမေ ငယ်ဘဝကိုသတိရမိပြန်တော့ အမေ့အကြောင်းက မပါမဖြစ်။ အမေက ထားမေတို့ မောင်နှမလေးယောက်တာဝန်ကိုတစ်ဦးတည်းယူခဲ့ပေမဲ့ တစ်ချက်မညည်းညူခဲ့ပေ။ ထားမေကတော့ အမေ့တာဝန်တွေအပြင် ဝင်ငွေတစ်ခုအတွက် စက်ချုပ်တဲ့အလုပ်ကိုပါ လုပ်နေရတယ်။ ခေတ်ကာလပြောင်းလဲမှုတွေအပြင် ကုန်ဈေးနှုန်းကအဆမတန်ထိုးတက်လာခဲ့တာမို့ အစ်ကိုတစ်ယောက်ရဲ့လစာက ထားမေတို့မိသားစုဝမ်းဝရုံမနည်း စားနေရတယ်။ ခါးလှဖို့၊ လူတမ်းစေ့နေနိုင်ဖို့ကျတော့ ထားမေရဲ့ စေ့စပ်သေချာမှုအပြင် အိမ်မှာ မနားမနေချုပ်ရတဲ့အထည်တွေကြောင့် မျက်နှာပန်းလှခဲ့ရတယ်။

ထားမေ ငယ်စဉ်က အမေ့ကို မေးခဲ့ဖူးတယ်။ အမေ ဘာကြောင့် ငွေရတဲ့အလုပ်မလုပ်ခဲ့သလဲလို့ အကြိမ်ကြိမ်မေးခဲ့ဖူးတယ်။ အမေက ထားမေကို ဘာမှပြန်မပြောဘဲ အပြုံးနဲ့ကြည့်နေခဲ့တယ်။ တစ်နေ့ သမီးလေးသိလာပါလိမ့်မယ်လို့ပြောတိုင်း ထားမေ မကျေနပ်ဘဲ နှုတ်ခမ်းစူနေခဲ့မိတယ်။ အမေဆိုတာက ဘယ်လောက်အလုပ်ရှုပ်နေပါစေ ကိုယ့်သားသမီးလေးတွေရဲ့လိုအပ်ချက်ကို ကိုယ်တိုင်ဖြည့်ဆည်းပေးရမှ ကျေနပ်တဲ့သူဆိုတာ ထားမေသိခဲ့ရတယ်။ ထားမေကိုယ်တိုင် အသိနောက်ကျခဲ့တော့ ထားမေသားသမီးလေးတွေကိုအသိထည့်ပေးဖို့ အချိန်မရခဲ့တော့ပါဘူး။

ထားမေတို့မိန်းမသားတွေ သိပ်သနားစရာကောင်းလှတယ်။ ထမင်းချက်၊ အဝတ်လျှော်၊ မီးပူတိုက်၊ တံမြက်လှည်း၊ ကြမ်းတိုက်၊ မီတာဆောင်၊ ရေတင်၊ အိမ်ကရှိသမျှအလုပ်အပြင် ကိုယ်ဝန်ဆောင်ရ၊ ကလေးမွေးရ၊ ကလေးထိန်းရ၊ သားသမီးတွေ လိမ္မာရေးခြားရှိအောင် ထိန်းသိမ်းပြုပြင်ရနဲ့ နားချိန်ဆိုတာ ဘယ်ဆီရောက်မှန်းမသိဖြစ်ခဲ့ရတယ်။ ဒါတောင်မှ အိမ်ကမိန်းမအလုပ်မရှိဘူးရယ်လို့ အပြစ်တင်ပြုံပြင်ချင်ကြသေးတယ်။ အမေတို့လက်ထက်က မိန်းကလေးတွေအိမ်ထောင်မှုနိုင်နင်းပြီဆို တာဝန်ကျေပြီလို့ သတ်မှတ်လို့ရကြပေမဲ့ ဒီဘက်ခေတ်အခါမှာ မေမေတွေက အိမ်ထောင်မှုကိစ္စတော်နေတဲ့အပြင် ငွေရှာတတ်တဲ့မိခင်ဖြစ်နေဖို့ပါ လိုအပ်လာကြတယ်။ ထားမေအသက် သုံးဆယ်ကျော် ကလေးသုံးယောက်အမေဖြစ်နေကာမှ ဘွဲ့လေးတစ်ခုရရုံနဲ့ ဘယ်အလုပ်ကိုခြေကန်ရှာရမှန်းမသိဖြစ်ခဲ့ရတယ်။ ဝင်ငွေမရှိတဲ့မိခင်တွေကို လေးစားမှုလျော့နည်းချင်လာကြတော့တယ်။ ငွေရှာနိုင်မှ လူရာဝင်တဲ့ခေတ်ရောက်လာတော့တယ်။ သူငယ်ချင်းအချင်းချင်းဆုံခဲ့ရင်တောင် ဘာအလုပ်လုပ်လဲ မေးခံရတိုင်း အလုပ်မရှိတဲ့သူအဖြစ်ပြောရမှာ ရှက်စရာဖြစ်လာတော့တယ်။ တကယ်တော့ ထားမေ မနက် လေးနာရီခွဲထပြီး ည ဆယ့်တစ်နာရီမှ အိပ်ရာဝင်ရတဲ့ထိအောင် အလုပ်များတဲ့ သူတစ်ယောက်ဖြစ်ပေမဲ့ ထားမေမှာ ဘာဝင်ငွေမှမရှိတဲ့သူဖြစ်နေတာဝမ်းနည်းစရာကောင်းလှတယ်။ ထားမေ ဘဝက အိမ်ဖော်တစ်ယောက်အလား တွေးထင်ရပေမဲ့ အိမ်ဖော်တွေက ငွေရကြပြီး ထားမေက ဘာဝင်ငွေမှမရှိတဲ့ အခမဲ့အိမ်ဖော်ပါ။ အဲဒီလိုတွေ ဘာကြောင့် လုပ်ပေးနေရသလဲဆို သားသမီးတွေနဲ့ လင်သားအပေါ်ထားမိတဲ့ချစ်ခြင်းတွေက ကိုယ့်ကိုယ်ကိုယ်ချစ်ဖို့မေ့နေခဲ့လို့ပဲဖြစ်တော့တယ်။

(၂)

"ထားရေ ဒီနေ့ မောင်တို့မိသားစု အပြင်မှာ သွားစားကြရအောင်နော်။ ညစာဘာမှမချက်ထားနဲ့တော့"

မောင်ဖုန်းခေါ်ပြီးပြောလာတော့ ထား စိတ်ထဲတစ်မျိုးခံစားရတယ်။ အခုရက်ပိုင်း မောင် သတိတရနဲ့ထားအတွက်အသုံးစရိတ်ပိုပေးတယ်။ အမှတ်တရပစ္စည်းလေးတွေဝယ်လာပေးတတ်တယ်။ ထားတို့မိသားစုအပြင်ထွက်ပြီး ထမင်းစားကြတော့လဲ မောင်က ထူးဆန်းတဲ့စကားတွေဆိုလာပြန်တယ်။

"ဒီနေ့ကစပြီး သားနဲ့သမီးတို့တွေ အရင်ကထက်အမေ့ကို ပိုပြီးကူညီကြရတော့မယ်။ ထမင်းစားပြီးရင်ကိုယ့်ပန်းကန်ကိုယ်ဆေးကြ။ နောက်ရက် အဖေအဝတ်လျှော်စက်လေးတစ်လုံးဝယ်လာခဲ့မယ်။ သုံးရက်တစ်ခါ အဝတ်တွေကိုလျှော်ကြမယ်။ တစ်ယောက်တစ်လှည့်စီ အမေ့ဆီကသင်ကြ။ အလှည့်ကျလုပ်ရမယ်။ အလှည့်ကျလို့ မအားတဲ့အခါ အားတဲ့ရက် တာဝန်ပြန်ယူပေးကြရမယ်။ ဟုတ်ပြီလား။ မီးပူတိုက်တာလဲ ဒီလိုပဲ ကိုယ့်အဝတ်ကိုယ်တိုက်ကြ။ အငယ်ကောင်လေးက မလုပ်တတ်သေးတဲ့အရွယ်မို့ အခုကတည်းကလိုက်ကြည့်ထား။ နောက်ဆို ကိုယ့်တာဝန်ကိုယ်ယူကြရမယ်"

အဲဒီနေ့ကစပြီး မောင်ကိုယ်တိုင် အားရင်အားသလို အိမ်အလုပ်ဝိုင်းကူလုပ်ပေးတယ်။ ညဘက် ထား ညောင်းနေသလားဆိုပြီးနှိပ်ပေး ဇာတ်ကြောလေးဆွဲပေးတတ်သေးတယ်။ ထားတော့ အိပ်မက်မက်နေသလားတောင် ထင်မိခဲ့တယ်။ အိမ်မှာ အပ်ချုပ်စက်လေးရှိတာမို့ ပိုလာတဲ့အချိန်လေးကို ထား စက်ချုပ်လေ့လာဖြစ်တယ်။ အစတော့ ကလေးတွေ အသားမကျပေမဲ့ နောက်တော့ သူတို့ကိုယ်တိုင် အလုပ်မှာပျော်လာကြတော့တယ်။ အမေတစ်ယောက်တည်း အိမ်ရဲ့တာဝန်ယူနေရာကနေ အိမ်ရှိတဲ့လူအကုန်လုပ်တော့ ထားတော်တော်လေးသက်သာမှုရခဲ့တယ်။ မောင်တစ်ယောက်အပြောင်းလဲကြီးပြောင်းလဲလာခဲ့သလို အိမ်ကသားသမီးလေးတွေအပေါ်မှာလဲ အရင်ကလို အော်ဟစ်ရိုက်နှက်တာမျိုးမလုပ်တော့ဘဲ ချော့တစ်ခါ ခြောက်တစ်လှည့်နဲ့ ပြုပြင်ယူလာခဲ့တော့တယ်။ ထားတို့အိမ်ထောင်ရေးက အရင်ကအဆင်ပြေကြတယ်ဆိုပေမဲ့ အခုမှပိုပြီးအေးချမ်းမှုရလာခဲ့တယ်။ မောင်တစ်ယောက် အလုပ်ကိစ္စနဲ့ နိုင်ငံခြားကို ငါးလလောက်သွားလိုက်တာပြန်လာတော့ အခြားသူတစ်ယောက်လို ဖြစ်လာတော့တယ်။ အရင်က ရေချိုးပြီး ရေလဲပုဆိုး ကွင်းလုံးပုံထားနေကျ။ အိပ်ရာထဲဝင်ပြီး ခြင်ထောင် ဘယ်တော့မှခြင်မခါ။ အိပ်ရာကနိုးလာပြီး သွားတိုက်ပြီးတိုင်း သွားတိုက်တံခြင်းထဲပြန်မထည့် ဘေစင်ပေါ်တင်ထားတတ်တယ်။ အသေးဖွဲလေးတွေကအစ ထား လိုက်သိမ်းခဲ့ရတယ်။ ထား ပွစိ ပွစိလုပ်လဲ အိမ်ပူတာပဲ အဖတ်တင်ကြတယ်။ အခုများကျတော့လဲ သူတို့ခမျာ ပြုပြင်သွားလိုက်ကြတာ ထားအတွက်တော့ တကယ်ကို အံ့သြယူရတယ်။

(၃)

"ထား နေကောကောင်းရဲ့လား။ မျက်နှာညှိုးနေသလိုပဲ။ ကြည့်ရတာမလန်းဘူး"

"ကောင်းပါတယ်မောင်ရယ်။ ထား ဘာလုပ်ပေးရမလဲဟင်။ ဘာလိုလို့လဲ"

"ရပါတယ် ထား ရယ်။ လိုတာရှိ မောင့်ဘာသာမောင်လုပ်မှာပေါ့။ ထား နေသာသလိုနေပါ။ အချိန်တွေနောက်ကျမှ ထားကိုကူညီပေးခဲ့တာ တကယ်စိတ်မကောင်းဖြစ်ရတယ်။ ပြည့်စုံတဲ့ဘဝတွေမှာ အိမ်အကူရှိလို့ အိမ်ရှင်မတွေသက်သာကြပေမဲ့ မောင်တို့လို သာမန်လူတန်းစားတွေအတွက်ကတော့ အိမ်အကူခေါ်ဖို့ကြ မလွယ်ဘူးလေ။ အောက်ခြေကလူတန်းစားတွေဆိုပိုဆိုးကြတာပေါ့။ တကယ်တော့ မိသားစုတိုင်းက သူ့အလုပ်ငါ့အလုပ်မခွဲခြားဘဲ နိုင်သလောက်ဝန် ထမ်းနေကြရင် ဝန်ပိမနေတော့ဘူးပေါ့ ထားရယ်။ မောင်တို့ အသိနောက်ကျခဲ့တော့ သားသမီးတွေကို လမ်းပြမှုနောက်ကျခဲ့တာပေါ့။ မောင်တို့ မြန်မာလူမျိုးတွေက သိပ်ကိုရှေးရိုးစွဲကြတယ်မလား"

"လိုက်နာအတုယူသင့်တာကြတော့ မယူကြဘူး။ မယူသင့်တာတွေကြတော့ ယူတတ်ကြတယ်လေ။ မိသားစုရဲ့စည်းလုံးမှုကိုကြည့်ချင်ရင် ထမင်းဝိုင်းကိုကြည့်ရတယ်တဲ့။ အခု မောင်တို့အိမ်ကိုပဲကြည့် သားသမီးတွေ ထမင်းစားချိန်မတူကြတော့ဘူး။ နေ့ဘက်ကအလုပ်ရှိလို့ဆိုပေမဲ့ ညဘက်ကျတော့ အားလုံးလူစုံကြတယ်လေ။ တစ်နေ့တာ အပျော်တွေ စိတ်ညစ်စရာလေးတွေ ထမင်းစားရင်းဆွေးနွေးကြ လိုတာလေးတွေဖြည့်ဆည်းပေးကြသလို ဟင်းမလောက်တဲ့အခါ တစ်ယောက်ကိုတစ်ယောက်ငဲ့ညှာပြီး စားရတဲ့အခါ မေတ္တာတရားလေးတွေ တွေ့မြင်ရတော့ ကြည်နူးကြရတာပေါ့။ မိန်းကလေးကမှ အိမ်မှုကိစ္စတွေလုပ်ရတယ်လို့ အတွေးထားကြတော့ ယောကျ်ားလေးတွေက ကိုယ်နဲ့မဆိုင်သလို နေနေကြရော။ တကယ်တော့ နိုင်ငံခြားတိုင်းပြည်တွေက ကလေးတွေကိုပြုစုပျိုးထောင်ကြပုံ၊ ကိုယ့်တာဝန်ကိုယ်ယူတတ်ပုံ၊ လူတစ်ယောက်နဲ့တစ်ယောက် နွေးထွေးတဲ့ဆက်ဆံရေးတွေကို အတုယူစရာကောင်းပေမဲ့ ကိုယ့်နိုင်ငံယဉ်ကျေးမှုနဲ့ ကိုက်ညီမှုမရှိတဲ့အရာတွေလဲ အများကြီးပါပဲ ထားရယ်"

"ထားလဲ သဘောမကျတာတွေရှိပါတယ် မောင်ရယ်။ သမီးလေးအတွက်သာ ရင်ပူမိတာပါ။ သေချာဂရုတစိုက်ထိန်းသိမ်းနေတဲ့ကြားက မဟုတ်တာတွေ အတုယူမှားမှာ သိပ်ကြောက်မိတယ်။ အခုခေတ်ကလေးတွေက သမီးရည်းစားဖြစ်ကြပြီဆို အတူနေလိုက်ကြတော့တာ။ နောက်မှ မရှုနိုင်မကယ်နိုင်တွေဖြစ်ကြ၊ လူကြားမကောင်းတွေဖြစ်ကြနဲ့ ယောကျ်ားမရှိဘဲ ကလေးမွေးရတာကို ဂုဏ်ယူနေတဲ့သူတွေကလဲ ရှိနေကြတယ်မလား"

"အဲဒါက သမီးမှ ပူရတာမျိုးမဟုတ်ဘူး ထားရဲ့။ သားတွေကိုလဲ အများကြီးသွန်သင်လမ်းပြဖို့လိုတယ်။ အိမ်ထောင်မပြုကြသေးဘဲ အတူတွဲကြတဲ့ မိန်းမသားတွေကို နှမချင်းကိုယ်ချင်းစာတဲ့စိတ်ရှိကြဖို့၊ ကိုယ်လုပ်တဲ့အမှားရှိခဲ့ရင် တာဝန်ယူဖြေရှင်းတတ်ဖို့၊ ထိန်းသိမ်းစောင့်စည်းအပ်တာတွေ ထိန်းသိမ်းတတ်အောင် သွန်သင်ဆုံးမဖို့ ကိုယ်တို့မှာတာဝန်ရှိတယ်။ ကိုယ့်သမီးလေးတွေကို လင်ကောင်းသားကောင်းရစေချင်ကြသလို ကိုယ့်သားလေးတွေကိုယူမဲ့ မိန်းကလေးတွေ

စာမျက်နှာ ၂၇သို့ ➤

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၆၂၃၁ ဧက စိုက်ပျိုးရန် လျာထား



**ကျွန်းလှ အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၆၂၃၁ ဧကစိုက်ပျိုးရန် လျာထားကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ယခုနှစ် ပဲမျိုးစုံဧက လျာထားမှု အနေဖြင့် မတ်ပဲ ၁၇၆၂၂ ဧက၊ စားတော်ပဲ ၅၂၅၂ ဧက၊ စွန်တာပြာ ၂၁၀၃ ဧက၊ ပဲရာဇာ ဧက ၃၈၀၊ ကုလားပဲဧက ၂၃၀၊ ထောပတ်ပဲ ၁၀ ဧက၊ စွန်တာနီ ၁၀ ဧကနှင့် အခြားပဲမျိုးစုံ ၆၂၄ ဧကတို့ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီကာလ ကျွန်းလှမြို့နယ်မှာ ပဲမျိုးစုံဧက နှစ်သောင်းကျော်စိုက်ဖို့ လျာထားတာ။ အခုလက်ရှိ စိုက်ပျိုးဖို့ဆောင်ရွက်နေကြပြီ။ ပဲမျိုးစုံစိုက်ပျိုးမှုကို မိုးမှာထက် ဆောင်းမှာအဓိကထား စိုက်ပျိုးကြတယ်။ ပဲမျိုးစုံဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းတဲ့မျိုးတွေ ပြောင်းလဲစိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်နေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၆၉၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ကျွန်းလှမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုအန္တရာယ်ကင်းရှင်းရေး တို့ကို ပံ့ပိုးပေးနေကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဖားကန့်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ဖားကန့် အောက်တိုဘာ ၂၅**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပံ့ငွေဖြင့် ဖားကန့်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေထွန်းနှင့် တာဝန်ရှိသူများက ရွှေတောင်ကျော်ကျေးရွာ၌ လမ်းအရှည်ပေ ၃၀၀၊ အကျယ် ၁၈ ပေနှင့်အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းနှင့် နန့်ပါဟုတ်ကျေးရွာ၌ လမ်းအရှည်ပေ ၃၀၀၊ အကျယ် ၁၈ ပေနှင့် အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဝေထွန်းက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပံ့ငွေကျပ်သိန်း ၂၀၀၊ ပြည်သူလူထုထည့်ဝင်ငွေများ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် ဩဂုတ်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းအားလုံး ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ရွှေတောင်ကျော်ကျေးရွာနှင့် နန့်ပါဟုတ်ကျေးရွာတို့ရှိ ပြည်သူလူထုအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စများအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေထွန်းက ပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**

➤ စာမျက်နှာ ၂၆မှအဆက်

အတွက် သားကောင်းသားမြတ်လေးတွေဖြစ်ဖို့ မောင်တို့မှာ တာဝန်ရှိတာပေါ့။ အဓိကက ကိုယ်ချင်းစာတရားရှိဖို့ပေါ့ ထားရယ်။ လူတစ်ယောက်က သူ့နေရာမှာ ငါသာဆိုရင်လို့ ကိုယ်ချင်းစာတတ်တဲ့စိတ်ရှိရင် အရာအားလုံး အဆင်ပြေကြတာပါပဲ။ အခု မောင့်ကိုပဲကြည့်လေ ထားအပေါ် နားလည်ပြီး ကိုယ်ချင်းစာတရားထားနိုင်သွားတော့ ထား ပျော်နေတယ်မဟုတ်လား"

မောင်ပြောတာ သိပ်မှန်ပါတယ်။ အရင်က အိမ်ရဲ့အလုပ်မှန်သမျှ ထားခေါင်းပေါ် တင်ထားခဲ့ကြပြီး ပစ္စည်းပျောက်မှန်သမျှ ထားက အရှာတော်။ ပင်ပန်းနွမ်းနယ်နေလို့ နားရက်မရှိ၊ ပိတ်ရက်မရှိ နေခဲ့ရတဲ့ဘဝလေးက လွတ်မြောက်လာခဲ့လို့ တော်ပါသေးတယ်။ အိမ်တစ်အိမ်မှာ အိမ်ထောင်ဦးစီးက သိပ်အရေးပါလှတယ်။ အဖေရဲ့အရိပ်နဲ့ ဩဇာလွှမ်းမိုးမှုက အမေတွေနဲ့မတူကြပေ။ အမေထက် အဖေရဲ့ အရှိန်ဝါကြီးမားတာကြောင့် အဖေက ရှေ့က ကိုယ်တိုင်လမ်းပြမှုလုပ်ခဲ့တာမို့ သားသမီးတွေအားလုံးက အတွန့်မတက်ရဲကြတော့။

ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နဲ့လို့ သွန်သင်လို့ရတဲ့ခေတ် မဟုတ်တော့တာအသေချာ။ ငါပြောသလိုလုပ် ငါလုပ်သလိုလိုက်လုပ်ဖို့ သွန်သင်မှုရကြတော့တယ်။ မောင်က ခေတ်အခြေအနေအရ ဖုန်းပေးသုံးတာ ထားအနေနဲ့မပြောသာပေမဲ့ ကလေးတွေအတူယူမှားပြီး တစ်လွဲအသုံးပြုကြမှာ ထား ရင်ပူမိတယ်။ မောင်က ခေတ်ရေစီးကြောင်းအလိုက် သိသင့်သိထိုက်တာလေ့လာပြီး ပြောသင့်ပြောထိုက်တာကို ပွင့်ပွင့်လင်းလင်းဆွေးနွေးအသိပေးပြီးမှ အသုံးပြုစေခဲ့တယ်။ အွန်လိုင်းဆိုတာ သုံးတတ်တော့ဆေး၊ မသုံးတတ်ရင်ဘေးဖြစ်တာ မျက်မြင်တွေ့ကြုံနေကြရတယ်။ မောင်ကထားကို ဖေ့ဘွတ်လေးဖွင့်ပေးခဲ့ပြီး ထားသိချင်တဲ့ အကြောင်းအရာလေးတွေ လေ့လာခွင့်ရဖို့ အသုံးပြုပုံတွေပါ သင်ပေးခဲ့တော့ ထား အပျင်းလဲပြေသလို သိချင်တာလေးတွေ အလွယ်တကူ သိခွင့်ရခဲ့တယ်။

မိန်းမသားတွေဘဝမြှင့်တင်ဖို့၊ မြင့်မားဖို့၊ ဆောင်ရန်၊ ရှောင်ရန် အသိပညာပေးရေးတဲ့စာရေးဆရာ၊ ဆရာမတွေကို ထား သိပ်ကျေးဇူးတင်ရတယ်။ အစစအရာရာတိုးတက်နေတဲ့ခေတ်ကြီးမှာ ထားမေတို့အွန်လိုင်းကနေတစ်ဆင့် လိုအပ်တာလေးတွေယူသုံးကြပြီး မလိုအပ်တာတွေ ပယ်ရှားကြဖို့တော့လိုတယ်။ မိန်းမသားတွေရဲ့ ပင်ပန်းနွမ်းနယ်မှုတွေအတွက် လိုအပ်တာက စိတ်အပန်းဖြေမှုနဲ့ အားပေးနှစ်သိမ့်မှုတွေသာဖြစ်တယ်။ နှစ်ပေါင်းများစွာ ချက်ပြုတ်ကျွေးမွေးပြုစုလာခဲ့ကြတဲ့ ဇနီးနဲ့မိခင်ကို ကျေးဇူးတင်စကားပြောပေးကြဖို့ တကယ်လိုအပ်ပါတယ်။ မောင်က လိုချင်တာ ဘာရှိသလဲလို့ ထားကို အကြိမ်ကြိမ်မေးလာခဲ့တော့ ထား အခါခါစဉ်းစားခဲ့မိတယ်။ နောက်ဆုံး အဖြေတစ်ခုရခဲ့တာ ပိတ်ရက်ပါ။ ထား နေ့စဉ်နဲ့အမျှ အိမ်ထဲမှာ အချိန်ကုန်ခဲ့သမျှ ပိတ်ရက်လေးမှာ အပြင်သွား၊ သူငယ်ချင်းတွေနဲ့စားသောက်မယ်၊ လျှောက်လည်ကြမယ်ဆိုတဲ့ စိတ်ကူးတကယ်ကိုရှိခဲ့တယ်။ ထား မေ့နေခဲ့တာ အဲဒီတစ်ခုပါ။ လူတွေ အလုပ်များစွာနဲ့ လုပ်ကိုင်နေကြပေမဲ့ အလုပ်ပိတ်ရက်တစ်ရက်တော့ ရှိကြတယ်။ ထားတို့အိမ်ရှင်မတွေလဲ တစ်ပတ်မှာ ပိတ်ရက်လေးရှိဖို့သင့်တယ်။ မိသားစုတွေဆိုကြပေမဲ့ ပိတ်ရက်ဆိုတဲ့ ကွက်လပ်လေးကို ထား အမိအရတောင်းဆိုလိုက်မိတယ်။ အဲဒီနေ့မှာ သွားချင်တာ၊ စားချင်တာ၊ သွားလာစားသောက်ရှိခဲ့ကြသလို ထားတို့လို အိမ်ရှင်မတွေအနေနဲ့လဲ ပိတ်ရက်လေးကို အမိအရခွင့်တောင်းကြစေချင်တယ်။ မပြည့်စုံတဲ့ဘဝတွေမှာ ချက်ပြုတ်လျှော်ဖွပ်ရတဲ့လက်ကလေးတွေ အိပ်ရာဝင်တိုင်း ဆေးလိမ်းအိပ်ခဲ့ရတဲ့ရက်တွေ နှစ်နဲ့ချီနေပြီဆိုတာ သူတို့လေးတွေ သိစေချင်လှတယ်။ ထားကတော့ အခုဆို ပိတ်ရက်လေးရပြီး စိတ်လွတ်လပ်တဲ့ ဘဝလေးရဖို့ မောင်ကတာဝန်ယူပေးခဲ့တယ်။ နားလည်သိတတ်မှုရှိပေးကြတဲ့ သားသမီးလေးတွေကြောင့် သိပ်ကို ပျော်ရွှင်နေရပါပြီ။

## လူသားအဓိပ္ပာယ်

\- စိတ်သန္တာန် နှလုံးသား
အမုန်းများ မရှိရန်၊
နူးညံ့ကြည်သာ မြတ်စိတ္တနှင့်
ဓမ္မဝန်းရံ၊
တွေးပြောပြု မှန်ကန်
အကြံဉာဏ် ဘယ်မလွဲ၊
ကောင်းမှုဆောင် ကိုယ့်စိတ်ခေတ်
မပြတ်ဆင့်ကဲ။

\- အတ္တကို အခြေမခံဘဲ
အနေမှန်တွဲ ဘဝကို၊
ရိုးသားဖော်ရွေ စိတ်နှလုံးနှင့်
အပြုံးချိုချို၊
မုသားစကား ဘယ်မဆို
မာန်မပို အနေအေး၊
ယုယချစ်ခင် ကြင်နာခြင်း
ဆောင်ကြဉ်းပါလေး။

\- တတ်စွမ်းတာ အလှူပေး
ကူဖေးလို့ များကိုကွယ်၊
ရှင်သန်ချိန် အကျိုးရှိ
တိုးအသိရယ်၊
လူသားရဲ့ အဓိပ္ပာယ်
ရှိစေရှယ် ဘဝလမ်း၊
တန်ဖိုးစုံ အဖိုးထိုက်အောင်
ပျိုးစိုက်လျှောက်လှမ်း။ ။

**ခေတ်သစ်(ကြွေပုဂံ)**

# သနပ်ပင်မြို့နယ် ဖရဲစံပြကျေးရွာ၌ CFW စီမံကိန်းလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**သနပ်ပင် အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work စီမံကိန်းပံ့ပိုးရန်ပံ့ငွေဖြင့် ဖရဲစံပြကျေးရွာ၌ မြေသားရေကန်ပြုပြင်မွမ်းမံခြင်းနှင့် ရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် တာဝန်ရှိသူများက Cash For Work (CFW)စီမံကိန်းကော်မတီဝင်များနှင့်အတူ ဖရဲစံပြကျေးရွာ၌ မြေသားရေကန်ပြုပြင်မွမ်းမံခြင်းနှင့် ရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဖရဲစံပြကျေးရွာ၌ အလျားပေ ၁၂၀၊ အနံပေ ၁၁၀၊ အနက်သုံးပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းနှင့် ရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို Cash For Work(CFW)စီမံကိန်းပံ့ပိုးရန်ပံ့ငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးလက်နေပြည်သူလူထုကိုယ်တိုင် ဇူလိုင်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေသားရေကန်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် ရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ဖရဲစံပြကျေးရွာနေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ပြောပြ၍ သိရသည်။ **သုတ**

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်ထိ ပြည်ပသို့ မတ်ပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၂ ဒသမ ၆၄၆ သန်း ဝင်ငွေရရှိ



**နေပြည်တော် အောက်တိုဘာ ၂၅**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်ထိ ပြည်ပသို့ မတ်ပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၂ ဒသမ ၆၄၆ သန်းထိ နိုင်ငံခြားဝင်ငွေ ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် မတ်ပဲသည် အိန္ဒိယနိုင်ငံတစ်နိုင်ငံတည်းကိုသာ အဓိက အားထား ရောင်းချပေးနေရပြီး အိန္ဒိယနိုင်ငံတွင်လည်း မိုဇမ်ဘစ်နိုင်ငံ မတ်ပဲများနှင့် ဈေးကွက်ယှဉ်ပြိုင်ရောင်းချနေရသည့် အခြေအနေတွင်ရှိနေသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ မတ်ပဲများထွက်ရှိ နေသည့်အချိန်ဖြစ်သော်လည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်ထိ ပြည်ပသို့ မတ်ပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၂ ဒသမ ၆၄၆ သန်းထိ နိုင်ငံခြားဝင်ငွေ ရရှိခဲ့သည်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်အတွင်း မတ်ပဲကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၂၅ ဒသမ ၅၃ သန်းနှင့်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၁၆ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃၂ ဒသမ ၆၄၆ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါကာလအတွင်း တွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပဲအမျိုးအစား ၂၀ ကျော် တင်ပို့ရောင်းချပေးခဲ့ရာ မတ်ပဲသည် ဒုတိယအများဆုံး တင်ပို့ ရောင်းချပေးခဲ့ရကြောင်း သိရသည်။ SKL

# မြေပုံမြို့နယ် ပုဆိုးပျောက်ကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်း စစ်ဆေး

**မြေပုံ အောက်တိုဘာ ၂၅**

ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပုဆိုးပျောက်ကျေးရွာ၌ ဆိပ်ခံတံတား တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပုဆိုးပျောက်ကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူ ဆောင်ရွက်နေသော နေလအားမာန်ကုမ္ပဏီ တာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြို့နယ်ဦးစီးမှူး ဦးဘစောက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြေပုံမြို့နယ်အတွင်း ပုဆိုးပျောက်ကျေးရွာ၌ အလျားပေ ၃၀၊ အနံ ၁၂ ပေ၊ အမြင့် ရှစ်ပေ သံကူကွန်ကရစ် ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၆၁ သန်း ဖြင့် နေလအားမာန်ကုမ္ပဏီက ဇွန်လ ပထမပတ်မှ စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောကပြောပြ၍ သိရသည်။ **ကိုသန်း**

# မိုးညှင်းမြို့နယ် ပင်ရဲလှကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးညှင်း အောက်တိုဘာ ၂၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် နန့်ပုတ်ကျေးရွာအုပ်စု၊ ပင်ရဲလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၄ရက် နံနက် ၁၀ နာရီကအဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြသည်။

ရှေးဦးစွာ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက် လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများ အနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ရန်ပုံငွေ လေလွင့်မှုမရှိစေရေး ရှင်းလင်းပြောကြားသည်။



ထို့နောက် မိုးညှင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ပင်ရဲလှကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးအသင်းသား၊ အသင်းသူ စုစုပေါင်း ၇၅ ဦး အတွက် ငွေကျပ် ၄၂ ဒသမ ၆ သန်းကို အတိုးနှုန်းပြား ၅၀၊ အတိုးဆပ်ကာလ နှစ်လတစ်ကြိမ်ဖြင့် ချေးငွေများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မိုးညှင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းဝင်းထံမှ သိရသည်။ **ချစ်ဦးကို**

# မလှိုင်မြို့နယ် ကျေးရွာသုံးရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာသုံးရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ပထမအကြိမ် ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာများ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းရည်ရွယ်ချက်ကို ကျေးရွာကော်မတီဝင်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ကျေးရွာသုံးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ကော်မတီဝင်များက ပထမအကြိမ်အဖြစ် ဆီထွက်သီးနှံ စိုက်ပျိုးမည့် တောင်သူများလိုအပ်သည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် ရွာသစ်ကျေးရွာရှိ တောင်သူ ၁၁၃ ဦးအတွက်ငွေကျပ်သိန်း ၃၀၀၊ မန်ကျည်းကန်ကျေးရွာရှိ တောင်သူဦးရေ ၁၀၀ အတွက် ငွေကျပ်သိန်း ၃၀၀ နှင့် ဆည်ကြီးကျေးရွာရှိ တောင်သူ ၆၇ ဦး အတွက် ငွေကျပ်သိန်း ၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) Type-1 ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀၊ Type-2 ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၂၀၀ ဖြင့် စုစုပေါင်း ကျေးရွာခြောက်ရွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်ခိုး(မလှိုင်)**

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းနေကြာ ၂၂၅ ဧက စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုလဆန်းပိုင်းက ရွာသွန်းခဲ့သောမိုးကြောင့် ဒေသခံတောင်သူများက ဆောင်းနေကြာများ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ဆောင်းနေကြာ ၂၂၅ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံစေရန်ရည်ရွယ်၍ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်း ဆောင်းနေကြာ ၂၆၇၅၅ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ သတ်မှတ်လျာထားဧက ပြည့်မီစေရေးအတွက် ဒေသခံတောင်သူများက သီးသန့်စိုက်ပျိုးခြင်းအပြင် အခြားသီးနှံများနှင့်ရောနှော၍ သီးညှပ်စိုက်ပျိုးခြင်းများကို ယခုလ ပထမပတ်မှ စတင်စိုက်ပျိုးလျက်ရှိရာ ယခုအခါ ဆောင်းနေကြာ ၂၂၅ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းကာလမှာ ပွင့်ဖြူမြို့နယ်အတွင်း နေကြာသီးသန့် ၁၃၂၀၇ ဧက၊ သီးညှပ် ၁၃၅၄၈ ဧက စုစုပေါင်း ၂၆၇၅၅ ဧက လျာထားစိုက်ပျိုးသွားမှာပါ။ ဒီနှစ်မှာ ဆောင်းနေကြာသီးနှံကို အခုအောက်တိုဘာလဆန်းပိုင်းက စတင်စိုက်ပျိုးနေတာဖြစ်ပါတယ်။ လက်ရှိ ၂၂၅ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ နေကြာမျိုးတွေကတော့ ဆင်းရွှေကြာ(၂)နဲ့ ရေဆင်း(၁)မျိုးနေကြာတွေ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

အဆိုပါ ဆောင်းနေကြာများကို ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၂ အုပ်စုတွင် စိုက်ပျိုးသွားမည်ဖြစ်ပြီး ယခုအခါ ဆောင်းသီးနှံနေကြာစိုက်ပျိုးမည့်တောင်သူများကို ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ယူရီးယားဓာတ်မြေသြဇာများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းနှင့် နေကြာအထွက်နှုန်းကောင်းမွန်စေရန် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မိုးယံ(ဥက္ကလာ)**

ပလင်ငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ [Myawady Webportal (www.myawady.net.mm/ nurse(male))]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၂ ရက်နေ့မှ ၁၂-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၃-၁၂-၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၃-၁၂-၂၀၂၂ ရက်နေ့မှ ၁၉-၁၂-၂၀၂၂ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ်ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ်ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(M.Sc)နှင့် ပါရဂူဘွဲ့(Ph.D) သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း (၃)နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်[အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ [Myawady Webportal (www.myawady.net.mm/ nurse(Female))]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၂ ရက်နေ့မှ ၁၂-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၃-၁၂-၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၃-၁၂-၂၀၂၂ ရက်နေ့မှ ၁၉-၁၂-၂၀၂၂ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(M.Sc)နှင့် ပါရဂူဘွဲ့ (Ph.D ) သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်[အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ မလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျောင်းသား၊ ကျောင်းသူများအားလုံးကို ပညာသင်ကြားပေးရာတွင် အတန်းအောင်မြင်ရေးထက် အမှန်တကယ်တတ်မြောက်ရေးသင်ကြားပေးရန်လို၊ အတန်းအောင်မြင်သော်လည်း စာတတ်မြောက်ခြင်းမရှိသဖြင့် စဉ်းစားတွေးခေါ်မှုများတွင် အားနည်းချက်များဖြစ်ပေါ်ခဲ့၊ တက္ကသိုလ်ပညာသင်ကြားရေးတွင် တက္ကသိုလ်မှ သက်ဆိုင်ရာဘာသာရပ်အလိုက် ဘွဲ့ရပြီးချိန်၌ အတတ်ပညာနှင့်ပတ်သက်သည့် လုပ်ငန်းခွင်တွင် ကျွမ်းကျင်မှုပညာရပ်များကို အသုံးချနိုင်ရမည်ဖြစ်၊ လူတစ်ဦးချင်း တတ်မြောက်သည့်ပညာရပ်များကို အသုံးချနိုင်မှုသည် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတတိယနေ့၌ လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

၁၀-၈-၂၀၂၂

# ၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး ပုလဲအတွဲ ၃၆၂ တွဲ၊ ကျောက်မျက်အတွဲ ၅၅ တွဲနှင့် ကျောက်စိမ်းအတွဲ ၁၈၃၆ တွဲ ရောင်းချနိုင်ခဲ့



၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ကျင်းပစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲပိတ်ပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ယနေ့ပြပွဲတွင် ရောင်းချသည့် ကျောက်စိမ်းအတွဲအမှတ် ၁၅၀၁ မှ အတွဲအမှတ် ၂၁၅၀ အတွက် တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးရာ ကျောက်စိမ်းအတွဲ ၅၁၉ တွဲ ရောင်းချရကြောင်း ကြေညာသည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်ဦးရေ ၂၉၆၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲ ၄၀၀ ကို အောက်တိုဘာ ၂၀ ရက်မှ ၂၁ ရက်ထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲ ၃၆၂ တွဲကိုလည်းကောင်း၊ ကျောက်မျက်အတွဲ ၁၂၀ ကို အောက်တိုဘာ ၂၂ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲ ၅၅ တွဲကိုလည်းကောင်း၊ ကျောက်စိမ်းအတွဲ ၂၁၅၀ ကို အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်ထိ ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ ၁၈၃၆ တွဲကိုလည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။

ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ပြပွဲတွင် စာမျက်နှာ ၁၉ ကော်လံ ၄ ☆

# MFF Futsal League (1) နှင့် League(2) ပြိုင်ပွဲတို့ကို ဒီဇင်ဘာလအတွင်း စတင်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် MFF Futsal League (1) ပြိုင်ပွဲနှင့် League (2) ပြိုင်ပွဲတို့ကို ဒီဇင်ဘာလအတွင်း စတင်ကျင်းပသွားမည်ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

MFF Futsal League (1)ပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး MIU FC အသင်း၊VUC FC အသင်း၊MFF U18 အသင်း၊ Myoma FC အသင်း၊ Winner Soccer FC အသင်း၊ Dream Team FC အသင်း၊ AMM FC အသင်း၊ စာမျက်နှာ ၁၉ ကော်လံ ၁ ❖

# NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့်ဖမ်းဆီးချုပ်နှောင်ထားသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်

စာမျက်နှာ - ၂၁

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO. TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၈၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
BEST QUALITY CEMENT ASTM.C150 TYPE I (42.5) ဆင်မင်းဘိလပ်မြေ
BEST QUALITY CEMENT ASTM.C150 TYPE II (32.5) ဆင်မင်းဘိလပ်မြေ